# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၃)ရက် ၊ သောကြာနေ့ ၊ (7-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၆၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့ဆန်စပါးညီလာခံ–၂၀၂၂ (Myanmar Rice Conference – 2022) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ ကြုံတွေ့ရသည့်အခက်အခဲများနှင့် ဆန်စပါးကဏ္ဍ၏ အနာဂတ်ဦးတည်လားရာများကို လေ့လာသုံးသပ်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်အညီ ဆန်စပါးစိုက်ပျိုး၊ ထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်၊ တင်ပို့ရောင်းချခြင်း တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲတပ်ဆင်ရမည့်အစီအစဉ်များ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးဖော်ထုတ်ရန် ရည်ရွယ်၍ **"နိုင်ငံ့စီးပွားမြင့်တင်ဖို့ဆန်စပါးဖြင့် ကြိုးပမ်းစို့"** ဟူသည့်ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ **(Myanmar Rice Conference - 2022)** ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**❖ မိမိတို့နိုင်ငံတွင် ဆန်ကိုသာ အဓိကစားသုံးကြခြင်းဖြစ်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံး ကောက်ပဲသီးနှံတစ်ခုလည်းဖြစ်...**

**❖ ပြည်တွင်းဆန်ရိက္ခာဖူလုံပိုလျှံပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက်လည်း စပါးစိုက်ဧကများ တိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်းတိုးတက်မှုဖြစ်စေရေး ထိထိရောက်ရောက်ကြိုးပမ်းကြရန် အရေးကြီး...**




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၇ ရက်
အယ်ဒီတာ့အာဘော်

# စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ခရီးသွားလာ

လူတို့သည် စားဝတ်နေရေးအတွက် ဝင်ငွေရရှိရန် နေ့စဉ်အလုပ်လုပ်ကြရသည်။ ထိုသို့ အလုပ်လုပ်ရာတွင် အဆင်ပြေမှုများရှိသကဲ့သို့ စိတ်ဖိစီးမှုများလည်းရှိနိုင်သည်။ ပညာသင်ကြားသောအရွယ်ဖြစ်စေ၊ ဥစ္စာရှာသောအရွယ်ဖြစ်စေ စိတ်ဖိစီးမှုများရှိတတ်ကြသည်။ လူသည် စိတ်ဖိစီးမှုများဆက်တိုက်ကြုံတွေ့ရလျှင် ကျန်းမာရေးထိခိုက်နိုင်သည်။ စိတ်ဖိစီးမှုများလျော့ကျစေရန် နည်းလမ်းတစ်ခုမှာ လွတ်လပ်စွာခရီးသွားလာခြင်းပင်ဖြစ်သည်။

အပန်းဖြေခရီးသွားလာခြင်းသည် စိတ်ဖိစီးမှုများကို လျော့ကျစေခြင်း၊ ဦးနှောက်ကိုကြည်လင်လန်းဆန်းစေခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို နှေးကွေးစေခြင်း၊ နှလုံးကျန်းမာရေးကိုကောင်းစေခြင်း၊ စိတ်ဓာတ်ကျဆင်းမှုကိုသက်သာစေခြင်း၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေခြင်း၊ လူမှုဆက်ဆံရေးများ ပိုမိုကောင်းမွန်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိစေသည်။

အပန်းဖြေခရီးသွားရန်အတွက် မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သာယာလှပသည့် တောတောင်ရှုမျှော်ခင်းများ၊ ရေမြေသဘာဝသယံဇာတများ ပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။ အလွန်လှပသော သဘာဝရှုခင်းများ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို စိတ်ဝင်စားဖွယ်ဖြစ်စေသည်။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ခရီးသွားညွှေ့သည်များ စိတ်ဝင်စားဖွယ်အပန်းဖြေလည်ပတ်စရာနေရာများ အများအပြားရှိသည်။

ပြည်တွင်း၊ ပြည်ပမှ ခရီးသွားလာသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ခရီးသွားလာလည်ပတ်နိုင်ပါက ခရီးသွားလုပ်ငန်းကြောင့် မိမိနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ရာနယ်ပယ်အသီးသီးတွင် များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံ၏ စီးပွားရေးပါ ကွဲကူးရေပါဆိုသလို ဖွံ့ဖြိုးတိုးတက်မှုများစွာ ဖြစ်ပေါ်လာမည်ဖြစ်ပေသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်တန့်ခဲ့သောခရီးသွားလုပ်ငန်းများသည် ပြန်လည်နိုးထလာပြီဖြစ်သည်။ မကြာခင် သီတင်းကျွတ်လပြည့် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များ ရောက်တော့မည်ဖြစ်ရာ ထိုပိတ်ရက်၊ အားလပ်ရက်များတွင် ပြည်တွင်းခရီးသွားများဖြင့် စည်စည်ကားကားရှိနေသောမြင်ကွင်းများ နေရာအနှံ့မြင်တွေ့ရမည်ဖြစ်သည်။ ခရီးသွားလာလည်ပတ်ခြင်းဖြင့် မတူညီသောဒေသများ၊ မရောက်ဖူးသောဒေသများသို့ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားတို့၏ လူမှုရေး၊ စီးပွားရေး၊ ရိုးရာဓလေ့များနှင့်လူမှုဘဝပုံစံများကို လေ့လာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အပိုင်းက ပြည်တွင်း၊ ပြည်ပခရီးသွားလာမှု ပိုမိုတိုးတက်လာရန် မျှော်မှန်းပြီးလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားချိန်ဖြစ်သည့်အတွက် သီတင်းကျွတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်၊ အားလပ်ရက်များတွင် မိသားစုလိုက်ဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းများဖြင့်ဖြစ်စေ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ခရီးသွားလာလည်ပတ်ကြခြင်းဖြင့် ဘဝအမောများ ပြေပျောက်နိုင်ပါစေကြောင်း မေတ္တာရှေ့ထားရေးသားလိုက်ရပါသည်။

# ရောဝတီမြစ်နှင့် ပန်းလောင်မြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၄ သိန်း ငါးမျိုးစိုက်ထည့်



**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းနိုင်စေရန်အတွက် ရောဝတီမြစ်နှင့် ပန်းလောင်မြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၄ သိန်းကို ယနေ့နံနက်ပိုင်းက မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သရက်ကုန်း ငါးလုပ်ငန်းစခန်း တာဝန်ခံဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စစ်ကိုင်းတံတားအနီး ရောဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေ ၁၁ သိန်း ငါးသောင်းနှင့် စဉ့်ကိုင်မြို့နယ် ပန်းလောင်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်း ငါးသောင်းကို မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး၊ မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

"ရောဝတီမြစ်ထဲနဲ့ ပန်းလောင်မြစ်ထဲကို ငါးမျိုးတွေစိုက်ထည့်ပေးတာကြောင့် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ငါးသယံဇာတတွေ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေပြီး ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ဝင်ငွေရရှိစေမှာပါ။ ငါးမျိုးကောင်းမျိုးသန့်တွေ ရေရှည်တည်တံ့ပြန့်ပွားစေရေးနဲ့ ငါးရိက္ခာတွေ ရေရှည်စားသုံးနိုင်စေရေးတို့ကို ရည်ရွယ်ပြီးတော့ သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်တွေအတွင်းကို ငါးလုပ်ငန်းဦးစီးဌာနကနေ ငါးသားပေါက်တွေကို နှစ်စဉ် ငါးမျိုးစိုက်ထည့်ပေးနေပါတယ်"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

ထိုသို့လွှတ်ပေးရာတွင် သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ သုံးသိန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ ငါးသိန်း ငါးသောင်း၊ ရေနံ့သာငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ သုံးသိန်း၊ ကူမဲငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ နှစ်သိန်း ငါးသောင်းကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး အောက်တိုဘာ ၆**

မန္တလေး ဆိုင်ကယ်ဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ် အေးနေခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ်ဘီးများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၁၉လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးကွက်တွင် အရောင်းအဝယ် အေးနေသော်လည်း တစ်ပတ်ရစ် ဆိုင်ကယ်ဈေးကွက်၌ အော်တိုဂီယာ တရုတ်ဘီးများနှင့် Click၊ FZ ဘီးများ ရောင်းချလိုမှုများနေပြီး ဘီးကြောကောင်းမွန်မှုနှင့် ဈေးနှုန်းအသင့်အတင့်ဘီးများသာ ဝယ်ယူမှုရှိနေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ Scoopy i အမျိုးအစားဘီး နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/ CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ်အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းအမျိုးအစားမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

ယခုတစ်ပတ် မန္တလေးကားဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်ဖြစ်ခဲ့သည့် မီနီထရပ်(ခွေးဘီလူး)ကားများ အရောင်းအဝယ်အေးသွားကာ နံပါတ်ထွက်ပြီးသည့် ဖရီးပါမစ်ကားများတွင် ငွေကျပ်သိန်း ၂၀ မှ သိန်း ၃၀ ခန့်ထိ ဈေးနှုန်းမြင့်တက်ရောင်းချလျက်ရှိကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ် မီနီထရပ်(ခွေးဘီလူး)ကားများအနက် ဟိုက်ဂျက်အော်တို ငွေကျပ် သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူး ကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၃၀ ခန့်၊ အော်တို ငွေကျပ် ၁၄၅ သိန်းခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ်ငွေကျပ် သိန်း ၁၄၀၊ စလစ်အပ်ကား ငွေကျပ်သိန်း ၁၂၀၊ တိုက်ကြေစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်တွင် ဈေးငြိမ်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်တွင် မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးဈေးကွက်တွင် မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်း ကုန်သည်များ အဝယ်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း၊ ပြည်ပကလည်း မြင်းခြံမှထွက်ရှိသည့် ကြက်သွန်နီကိုဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခု မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို အချို့ကြက်သွန်နီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချတဲ့ လုပ်ငန်းရှင်တွေက အဝယ်တော်တော်လေး များလာပြီး မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေး ကောင်းနေတယ်။ အခုကတော့ မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ် အနည်းငယ်ဖြစ်နေတယ်။ အရောင်းအဝယ်အကောင်းဆုံး အနေအထားမှာရှိနေတာကတော့ မြင်းခြံဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်းစက်တင်ဘာလ နောက်ဆုံးပတ်က မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၅ ရက် ပေါက်ဈေးအရ မြင်းခြံဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀ ပေါက်ဈေးရှိနေကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင့်လုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝါလကင်းလွတ်သီတင်းကျွတ် ညွတ်နူးအာရုံလက်ကြာမုံ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"ဆီမီးရယ်ကထိန်ထိန်၊ အိုင်မင်းရေကြည်က၊ ကြာငါးမည်ငုံအာဖွင့်တယ်၊ ဖူးပွင့်ခါရှိန်။ အသဝဏ် ယုဥ်ကာချဉ်းပါလို့၊ လင်းလာတဲ့ ငွေတာရိန်ငယ်၊ ပြာမှိန်လျက်မြူဖြေဆိုင်း။ ဂါရဝေ သက္ကနွံ ပဏ္ဍာမေနင့်၊ သဒ္ဓါခြွေ ကန်တော့ပွဲကိုလ၊ မစဲပေါင်ကုသိုလ်နှိုးကြတယ်၊ မျိုးမြန်မာ့တိုင်း။ ။"**

ဝါလကင်းလွတ် သီတင်းကျွတ်အခါသမယသို့ ရောက်ပြီဆိုမှဖြင့် ဂီတစာဆိုတော်ကြီးဦးပြုံးချို ရေးစပ်ထားသော"**သီတင်းကျွတ်**"ဖွဲ့ကို အလိုလိုရွတ်ဆိုနေမိကြသည်။

လူကြီးသူမ၊ ဆရာမိဘများကို ဂါရဝတရား ဦးထိပ်ထား၍ နှစ်စဉ်နှစ်တိုင်း ကန်တော့ကြသည့်လသည် ဝါလကင်းလွတ် သီတင်းကျွတ်လဖြစ်နေသောကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအရ သတိရနေကြလေ့ရှိသည်။

ဝါလကင်းလွတ် သီတင်းကျွတ်တွင် ဆရာမိဘ၊ သက်ကြီးရွယ်အိုများကို ကန်တော့ကြခြင်းနှင့်ပတ်သက်၍ "**မိုးသူတော်ဦးမင်း**"က "**ကြာငါးမည် ကြိုင်သင်းလို့ လျှံဝင်းတဲ့ပြောင်ထိန်၊ ရွှေနန်းတောင်တော်ဦးမှာလ၊ ကွန်မြူးမြင်းမိုရ်မိုး၊ ညီးတဲ့ခါရှိန်။ ရှိဦးငယ်နိမ်၊ သုံးကြိမ်ကွယ့်ရှိပျောင်း။ သက္ကနွှာဂါရဝနဲ့၊ စဉ်အလာ ပူဇော်ပွဲကို၊ နွှဲကြပေတောင်း။**"ဟု စပ်ဆိုခဲ့သည်။

မြတ်ဗုဒ္ဓက မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို ကျေးဇူးဆပ်သည့်အနေဖြင့် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောကြားခဲ့သည်။ ထိုသို့ မြတ်ဗုဒ္ဓက မိခင်ဟောင်းကို ဓမ္မဖြင့်ကျေးဇူးဆပ် ပူဇော်ကန်တော့ခဲ့သည်ကို အထွတ်အထိပ်ထား ခံစားပွားများပြီး သီတင်းကျွတ်လပြည့်နေ့တွင် သက်ကြီးရွယ်အိုဆရာမိဘများကို လူငယ်များက ကန်တော့နေကြခြင်းဖြစ်သည်။ ကာလရွေ့လျားလာသောအခါ သီတင်းကျွတ်လပြည့်နေ့တွင်သာမက သီတင်းကျွတ်လ တစ်လလုံး၌ပင် ကန်တော့နေကြသည်။

သီတင်းကျွတ်လပြည့်နေ့ကို "**အဘိဓမ္မာအခါတော်နေ့**"ဟုလည်း သတ်မှတ်ထားသည်။ အဘိဓမ္မာအခါတော်နေ့၏ အင်္ဂါရပ်သုံးရပ်မှာ (၁) မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်တွင်ရှိသော မယ်တော်ဖြစ်ခဲ့ဖူးသည့် အမိနတ်သားကိုအမှူးထားပြီး စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်အကျယ်ကို ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ပြီးဆုံးခဲ့ခြင်း၊ (၂) မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကို စန္ဒကူးတောတွင် အဘိဓမ္မာတရားတော်အကျဉ်းကို သင်္ခေပနည်းဖြင့် ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ပြီးဆုံးခဲ့ခြင်း၊ (၃) ထိုနည်းတူ ရှင်သာရိပုတ္တရာကလည်း တပည့်ရဟန်းငါးရာကို အဘိဓမ္မာတရားတော်မကျဉ်းမကျယ်ကို ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးခဲ့ခြင်းဟူ၍ရှိရာ ထိုအင်္ဂါထူးသုံးရပ်ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို "**အဘိဓမ္မာအခါတော်နေ့**"ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

"**ပဝါရဏာပွဲတော်**"ကိုလည်း သီတင်းကျွတ်လပြည့်နေ့၌ပင် ကျင်းပကြသည်။ ပဝါရဏာ၏အဓိပ္ပာယ်မှာ "**ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း**"ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့တွင် သံဃာတော်အချင်းချင်း ဖိတ်ကြားပြီး သိမ်ထဲတွင်စုဝေးကြကာ တစ်ပါးနှင့်တစ်ပါး အပြစ်ရှိလျှင်၊ အပြစ်ကိုမြင်လျှင်၊ ကြားလျှင်၊ အပြစ်ရှိနေသည်ဟု သံသယရှိနေလျှင် ပြောဆိုသတိပေးပါ၊ အပြစ်ကိုရှုစားပြီး ကုစားပေးပါဟု သုံးကြိမ်တိုင်တိုင် ဖိတ်ကြားတိုက်တွန်းကြရသည်။ တရားတော်နှင့်မလျော်ညီ၊ ဖီလာပြစ်မှုများရှိနေကြပါက အချင်းချင်းစုပေါင်း ဝေဖန်ထောက်ပြမှုကိုခံယူလိုကြသောကြောင့် ဖိတ်ခေါ်သည့်ပွဲ၊ သံဃာတော်အချင်းချင်း ရှိုင်းပင်းကူညီ စည်းလုံးညီညွတ်မှုရယူကြသည့်ပွဲကို "**ပဝါရဏာပွဲတော်**"ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ကို "**အဘိဓမ္မာအခါတော်နေ့နှင့် ပဝါရဏာပွဲတော်**"ဟု သတ်မှတ်ထားသည့်အပြင် ဝါလကင်းလွတ်သီတင်းကျွတ်၏ အဓိကအင်္ဂါရပ် ခုနစ်ရပ်ကိုလည်း သီးခြားဝိသေသပြုထားပါသေးသည်။

(၁) ဝါကျွတ်သည်ဆိုသည်မှာ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းသုံးလကာလပတ်လုံး ဝါဆိုဝါကပ်စောင့်စည်းခဲ့ရသမျှ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့တွင် ကျွတ်လွတ်သွားသဖြင့် ဝါကျွတ်ကာလဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

❖ ကြာငါးခိုင်နှင့် ဘုရားငါးဆူကိုတင်စားရာတွင် လက်ကြာမုံလည်းပါဝင်သည်။ လက်အုပ်ကလေးချီပြီး ရှိခိုးကန်တော့ကြရာတွင် လက်နှစ်ဖက်အစုံကို ကြာငုံကြာဖူးကဲ့သို့ ပူးကပ်ထားသည့်ပုံသဏ္ဌာန်ပင်ဖြစ်သည်။ ဝါလကင်းလွတ် သီတင်းကျွတ်လ၏ ထူးခြားဂုဏ်အင်များက စုံလင်လွန်းလှပေရာ ဖော်ပြ၍ပင် ကုန်နိုင်ဖွယ်မရှိပေ။ များပြားလှသော ဂုဏ်အင်များစွာထဲတွင် ကျက်သရေမင်္ဂလာရှိလှသောရိုးရာယဉ်ကျေးမှုမှာ ဆရာမိဘ၊ သက်ကြီးရွယ်အိုများကို ငယ်ရွယ်သူ သား၊ သမီး၊ မြေးမြစ်၊ ညီအစ်ကို မောင်နှမသားချင်းများ၊ တပည့်များက ဂါရဝတရားဦးထိပ်ထားကြကာ ရိုကျိုးစွာ ရှိခိုးကန်တော့ကြခြင်းပင်ဖြစ်သည်။ ❖

(၂) မြတ်စွာဘုရားက မယ်တော်မိနတ်သားကို ကျေးဇူးဆပ်သည့်အနေဖြင့် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို စဉ်ဆက်မပြတ်ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးသွားခဲ့သဖြင့် အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ခဲ့သည်။

(၃) မိမိတို့ကျောင်းသင်္ခမ်းများတွင် ဝိနည်းနှင့်အညီ ဝါဆိုခဲ့ကြသောသံဃာတော်များသည် ဝါဆိုကာလ ဝါကပ်နေရသည့် ဝိနည်းမှ ကျွတ်လွတ်ကုန်ကြသောအခါ မိမိတို့တွင် အကျင့်သီလစင်ကြယ်ခြင်း ရှိ၊ မရှိကိုနှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ဖိတ်ကြားစုဝေးကြပြီး ဝါစဉ်သိက္ခာတော်အလိုက် အပြစ်ကြီးငယ်အသွယ်သွယ်ကို ညွှန်ပြဆုံးမကြပါရန် ဝန်ချတောင်းပန်၊ မေတ္တာရပ်ခံလျှောက်ထားကြရသည့် ပဝါရဏာပွဲတော်ကျင်းပကြလေ့ရှိသည်။

(၄) မြတ်ဗုဒ္ဓက မယ်တော်မိနတ်သားကိုဝါတွင်းသုံးလပတ်လုံး ဓမ္မဖြင့်ကျေးဇူးဆပ်ခြင်း၊ မြတ်ဗုဒ္ဓကို လူ၊ နတ်၊ ဗြဟ္မာ ရဟန်းသံဃာတော်များက ပူဇော်ကန်တော့ကြခြင်း၊ ထေရ်ကြီးဝါကြီး ရဟန်းသံဃာတော်များကို ငယ်ရွယ်သူရဟန်းသံဃာတော်များက လာရောက်ပူဇော်ကန်တော့ကြခြင်း၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေသော မင်းနှင့်မိဖုရားကို မင်းညီမင်းသား၊ ဆွေမျိုးများနှင့် မင်းမှုထမ်းကြီးငယ်များက ရိုသေလေးစားတန်ဖိုးထားကန်တော့ကြခြင်း စသည့်ပူဇော်ကန်တော့ပွဲများ ကျင်းပကြလေ့ရှိသည်။

(၅) မြတ်ဗုဒ္ဓကိုရည်စူးပြီး ဆီမီးပူဇော်ပွဲများဖြစ်ကြသည့် တာဝတိံသာပွဲတော်၊ မီးမြင်းမိုရ်ပွဲတော်များ ကျင်းပကြလေ့ရှိသည်။

(၆) မိုးရာသီတွင် ငှက်တိရစ္ဆာန်များပင် အသိုက်မပြောင်းကြဟုဆိုကာ ဝါတွင်းသုံးလမှာ ထိမ်းမြားလက်ထပ်ခြင်း၊ နေအိမ်ပြောင်းရွှေ့ခြင်းမပြုကြဘဲ ဝါကျွတ်မှသာ ထိမ်းမြားလက်ထပ်ခြင်း၊ နေအိမ်ပြောင်းရွှေ့ခြင်းများကို ဆောင်ရွက်ကြလေ့ရှိသည်။

(၇) ဝါတွင်းသုံးလမိုးရာသီတွင် ပျော်ပွဲရွှင်ပွဲများ မကျင်းပနိုင်ကြသော်လည်း ဝါကျွတ်ပြီဆိုမှဖြင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပကြလေ့ရှိသည်။ ခြေခင်းလက်ခင်းသာသည့်လ၊ ခရီးသွားလာသုတရှာ၍ ရသည့်လဟု သတ်မှတ်ကြကာ ပျော်ပါးကြရသည်။

ဝါကျွတ်ကာလ၏ အဓိကအင်္ဂါရပ် ခုနစ်ရပ်ကို စိစစ်ကြည့်ပါက "**ဝါကျွတ်ခါမိ သည်ရာသီ**"၏ထူးခြားလှသော ဝိသေသများကို အကဲဖြတ်သုံးသပ်နိုင်သည်။ ထို့ပြင် "**ကြာငါးမည်ကြိုင်သင်းလို့ လျှံဝင်းတဲ့ပြောင်ထိန်**"ဟု စာပန်းချီသီကုံးထားသည့်နှယ် ဝါကျွတ်သည့်လ သီတင်းကျွတ်လ၏ ရာသီပန်းမှာ ကြာပန်းဖြစ်သည်။ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက်၊ ကြာပဒုမ္မာဟူ၍ ငါးမျိုးရှိသည်။ ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်မည်ဟု မိုးနတ်ဗြဟ္မာများက နိမိတ်ဖတ်ကြားခဲ့ရာ "ငါးရောက်ထင်ရှား၊ စောဘုရားတို့၊ ငါးပါးအညီ၊ ပွင့်တန်သည်ဟု၊ ငါးမည်မိုးနတ်၊ နိမိတ်ဖတ်သည်၊ မချွတ်ကမ္ဘာ၊ ပွင့်ရာသော်"ဟု စာဆိုရှိခဲ့သည်။

ဘုရားလေးဆူပွင့်တော်မူပြီးခဲ့ရာ အရိမေတ္တေယျဘုရားတစ်ဆူပွင့်တော်မူရန် ကျန်နေပါသေးသည်။ ထို့ကြောင့် "**တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး**"က "စံပယ်တဲ့လေးရှုံ၊ မလေးငယ်မပန်ထိုက်လို့၊ ပန်းပြတ်ခိုက်ကြုံ၊ အပွင့်ရယ်ကုန်၊ တစ်ငုံတော့ကျန်ပါသေး။ ပန်ချင်သူနွဲ့နွဲ့နှောင်းရယ်၊ ဆံကေသာပျော့ပျော့ ပျောင်းကို၊ ခေါင်းဖြီးခဲ့လေး"ဟု နောင်ပွင့်တော်မူမည့် ဘုရားရှင်ကို လက်လွတ်မခံကြဘဲ ဖူးမြော်နိုင်ကြစေရေးအတွက် တရားဓမ္မကျင့်ကြံကြရန် ဟောကြားတော်မူခဲ့သည်။

ကြာငါးခိုင်နှင့်ပတ်သက်၍ စေတီပုထိုးများတွင် ကြာမှောက်ကြာလန်များပြုလုပ်ထားကြခြင်း၊ ဘာသာရေးအဆောက်အအုံများတွင် ကြာပန်းလေးပွင့်နှင့် ကြာပန်းတစ်ငုံကို ကြိုးဖြင့်စည်းထားခြင်း၊ ကြာပန်းငါးခိုင်ကို ကြိုးဖြင့်ချည်ထားသည့် အမှတ်တံဆိပ်ကို အသုံးပြုနေကြခြင်း စသည့်လက္ခဏာများသည် ဘုရားငါးဆူပွင့်တော်မူမည်ကို ညွှန်းဆိုနေကြခြင်းပင်ဖြစ်သည်။

ကင်းဝန်မင်းကြီးကလည်း "သီတင်းကျွတ်ပြီ၊ တူရာသီ၊ အသဝဏ်ရှိန်ဝါရွှန်း၊ **ကြာမျိုးလန်းရုံ၊** မီးမြင်းမိုရ်၊ ဇဟိုအချာထွန်း"ဟု စပ်ဆိုခဲ့သည်။ နဝဒေးကြီး ဖွဲ့ပိုဒ်စုံရတုမှာ "သီတင်းကျွတ်ဆီ၊ အသဝဏ်လျှင်၊ ရာသီတူနှင့်၊ ချိန်ကိုလင့်၍၊ **ပွင့်ခြင်းငါးမည်၊ ကြာမျိုးစည်က၊** ပတ်လည်သိမ့်သိမ့်၊ တိမ်နိမ့်နိမ့်နှင့်၊ ပြုလိမ့်ကမန်း၊ လျှပ်ခြည်တန်းလျက်"ဟုဖွဲ့ဆိုထားသည်။ ဦးပုညတေးထပ်မှာမူ "သောင်းဒီပါထိန်ညီးအောင်၊ ထွန်းဆီမီးရောင်ညီ၊ သီတင်းကျွတ်တူရာသီမှာ၊ အသဝဏ်ကြယ်မင်း၊ **ကြာငါးမည်ကြိုင်သင်း၊** ရာထီးပိုင်ဘုရင်မင်းတို့၊ မြေနန်းရင်း ပဟိုရ်၊ ရွှေမြင်းမိုရ်တောင်တော်ပွဲကိုတဲ့၊ ခြိမ့်သဲအောင်ထွတ်စမြဲကို"ဟု စပ်ဆိုညွှန်းဖွဲ့ထားသည်။

ကြာငါးခိုင်နှင့် ဘုရားငါးဆူကိုတင်စားရာတွင် လက်ကြာမုံလည်းပါဝင်သည်။ လက်အုပ်ကလေးချီပြီး ရှိခိုးကန်တော့ကြရာတွင် လက်နှစ်ဖက်အစုံကိုကြာငုံကြာဖူးကဲ့သို့ ပူးကပ်ထားသည့်ပုံသဏ္ဌာန်ပင်ဖြစ်သည်။ ဝါလကင်းလွတ် သီတင်းကျွတ်လ၏ ထူးခြားဂုဏ်အင်များက စုံလင်လွန်းလှပေရာ ဖော်ပြ၍ပင် ကုန်နိုင်ဖွယ်မရှိပေ။

များပြားလှသော ဂုဏ်အင်များစွာထဲတွင် ကျက်သရေမင်္ဂလာရှိလှသောရိုးရာယဉ်ကျေးမှုမှာ ဆရာမိဘ၊ သက်ကြီးရွယ်အိုများကို ငယ်ရွယ်သူ သား၊ သမီး၊ မြေးမြစ်၊ ညီအစ်ကိုမောင်နှမသားချင်းများ၊ တပည့်များက ဂါရဝတရားဦးထိပ်ထားကြကာ ရိုကျိုးစွာ ရှိခိုးကန်တော့ကြခြင်းပင်ဖြစ်သည်။ "**မြတ်ဘုရားနှင့်၊ တရား၊ သံဃာ၊ ဆရာမိဘ၊ မိုးရသစင်၊ အရှင်ဂုဏ်ထူး၊ ကျေးဇူးရှိပေ၊ သူမြတ်တွေကို၊ ရိုသေဂါရဝ၊ ပြုအပ်လှ၏**"ဟူသော (၃၈)ဖြာမင်္ဂလာတရားနှင့်အညီ ပူဇော်ကန်တော့နေကြသည်မှာ မင်္ဂလာကျက်သရေ ရှိလှပါပေသည်။

သို့သော် ခေတ်စနစ်များ ပြောင်းလဲလာသောအခါ ဝါကျွတ်အခါသမယမှာ သက္ကစ္စဂါရဝဖြင့် ရိုသေစွာ ကန်တော့လာခဲ့ကြသည့်ရိုးရာယဉ်ကျေးမှုကို ခုတုံးလုပ်လာခဲ့ကြသည်။ "ဝါကျွတ်လို့ကန်တော့တာပါ။ ဝါကျွတ်အထိမ်းအမှတ်လက်ဆောင်ပါ"ဟူသော ခေါင်းစီးကိုတပ်ကာ လာဘ်ပေးလာဘ်ယူပြုမူလာကြသည်။ ဝါကျွတ်ကန်တော့ခြင်း မျက်နှာဖုံးအုပ်ပြီး လာဘ်ပေးလာဘ်ယူအလုပ်ကို ပြောင်ပြောင်တင်းတင်း၊ လက်ရဲဇက်ရဲလုပ်လာကြသည်။ ကျက်သရေမင်္ဂလာရှိနေသော ချစ်စရာယဉ်ကျေးမှုကို ညစ်ထေးအောင် ယုတ်မာလာကြသည်။ ဆွမ်းဆန်ထဲ ကြွက်ချေးရောလာသည့်နှယ် မသတီဖွယ်ခံစားကြရသည်။

ထို့ကြောင့် ကာတွန်းဆရာကြီးတစ်ဦးက "ငါက လာဘ်ပေးလာဘ်ယူသမားမဟုတ်ဘူး၊ ရိုးရာယဉ်ကျေးမှုအရ ကန်တော့တာကိုတော့လက်ခံတယ်"ဟု လာဘ်ပေးလာဘ်ယူသမားများကို ကလိထား၊ ရိထား၊ သရော်လှောင်ပြောင်ထားရာ စာချစ်သူများနှစ်သက်လက်ခံအားပေးလာခဲ့ကြသည်။

"လာဘ်ပေးလာဘ်ယူ တို့ရန်သူ" "အဂတိလိုက်စားသူများကို တိုက်ဖျက်ကြ"ဟု ကြွေးကြော်ကာ စီမံချက်၊ စစ်ဆေးရေးများချမှတ်ပြီး နှိမ်နင်းနေပါသည်ဟု ဟစ်ကြွေးနေကြသော်လည်း လာဘ်ပေးလာဘ်ယူလုပ်နေကြသူများက ဒုနဲ့ဒေးရှိနေကြသည်။ ဝါကျွတ်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စာအုပ်ပွဲတော်

\- အကျိုးမြတ်ကို ဘယ်မတွက်ပါဘဲ
တိုင်းပြည်တွက် စေတနာ၊
များလူငယ် အာဟာရတို့
ပြည့်ဝစေရာ၊
စာပေနှင့် ဘဝများစွာ
အလှအားသာ ရှိစေရေး၊
စာဖတ်သူ ဉာဏ်အလင်း
ဆောင်ကြဉ်းဖွင့်ပေး။

\- ကိုယ့်တိုင်းပြည် ကိုယ့်သွေးများ
ကူဖေးအား မေတ္တာဆောင်၊
တော်တတ်စေ စာရိတ္တ
မြင့်ကြစေအောင်၊
စာပေနှင့် ပြည်ထူထောင်
ညီတူအမှောင် ဖြိုဖျက်ခြင်း၊
ဘဝတွေ တောက်ပတော့
အောက်ကျမှုကင်း။

\- တုပြိုင်ကာ ဘယ်မငြင်း
ကောင်းသတင်းနှင့် ဘဝအခြေ၊
အိပ်မက်ကိုယ်စီ အရောက်လှမ်း
တောက်ဆန်းရန်ပေ၊
ပွဲတော်တို့ ကျင်းပနေ
တို့တစ်တွေ အရောက်သွား၊
ကြိုးစားဖွေ စာဖတ်ရှု
ပြုကြစို့လား။ ။

(စာအုပ်ပွဲတော်များကို ဂုဏ်ပြုရေးဖွဲ့သည်)

**ထက်အောင်လှူ(နံ့သာမြေ)**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၂၄၄၁ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၂၄၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

ယခုနှစ် မိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ကြံ ၁၀၂၃၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကြံ ၂၄၄၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူမြို့နယ်မှာ ကြံစိုက်ပျိုးမှုကတော့ ဧက ၂၀၀၀ ကျော်စိုက်ပြီးပြီ။ ကန့်ဘလူမှာ ကြံစိုက်ပျိုးမှုကတော့ များပါတယ်။ ကြံစိုက်ပျိုးမှုကို စီးပွားဖြစ်အနေနဲ့ စိုက်ပျိုးတယ်။ အထွက်နှုန်းတိုးတဲ့ ကြံတွေကိုကြည့်ပြီးတော့ မျိုးပြောင်းစိုက်တာတွေ ဆောင်ရွက်နေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့၌ ကြံစိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

ကြံစိုက်ပျိုးရာသီတွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြားကုန်ကျကြောင်း၊ စိုက်ပျိုးထွက်ရှိသော ကြံများကို ထီးချိုင့်မြို့နယ် မောင်းကုန်းသကြားစက်နှင့် ကန့်ဘလူမြို့နယ် ဇီးကုန်းသကြားစက်တို့က ဝယ်ယူနေပြီး တောင်သူများကိုယ်တိုင်လည်း ကြံကြိတ်ကာ သကာရည်အဖြစ် ပြန်လည်ရောင်းချမှုများလည်း ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးများဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြပြီး မိုးရေဖြင့် စိုက်ပျိုးခြင်းနှင့် ရေတင်စိုက်ပျိုးခြင်းများကို ဦးစားပေးစိုက်ပျိုးကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



➤ စာမျက်နှာ ၄ မှအဆက်

လက်ဆောင်၊ နှစ်သစ်ကူးလက်ဆောင်၊ အထိမ်းအမှတ်လက်ဆောင်များကိုအကြောင်းပြ၊ ပုံမှားရိုက်ကာ လာဘ်ပေးလာဘ်ယူ လုပ်စားနေကြပေဦးမည်။

အသက်ကြီးမှ ပျက်စီးနေကြသူအချို့ လုပ်စားနေကြသည်က အကြောင်းမဟုတ်။ ဝါလကင်းလွတ်သီတင်းကျွတ်မှာ ကန်တော့ကြပါက မုန့်ဖိုးရသည်ဟူသောအယူအဆများက ကလေးများ၏ရင်ထဲတွင် စွဲထင်လာကြပါသည်။ ယခုတော့ ကလေးများသာမကတော့ဘဲ လူငယ်လူရွယ်များကလည်း ကန်တော့ခြင်းကို ဈေးတွက်တွက်လာကြသည်။ ကန်တော့လျှင် ကန်တော့သည့်ပစ္စည်းတန်ဖိုးထက်ပို၍ လိုချင်နေကြသည်။ အနာဂတ်အရေး၊ ရင်လေးဖွယ်ကောင်းလေစွ။

ကြီးသူကိုင်ယ်သူက၊ ဆရာကိုတပည့်က၊ ရဟန်းသံဃာတော်များကို လူပုဂ္ဂိုလ်များက လက်အုပ်ကလေးချီ၊ ညွတ်နူးအာရုံ၊ လက်ကြာမုံဖြင့်၊ အရိုအသေပေးကြခြင်းကို ကန်တော့ခြင်းဟု မြန်မာ့အဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားရာ ရှင်းနေသည်။ မည်သည့်လက်ဆောင်ပစ္စည်း၊ ကန်တော့စရာပစ္စည်း၊ ငွေများမပါဝင်ပေ။ ကန်တော့ခံသူအပေါ် ကန်တော့သူက စိတ်ပါလက်ပါစေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အရိုအသေပေးဂါရဝပြု ဦးညွတ်ရှိခိုးသည်သာ စစ်မှန်သောကန်တော့ခြင်းမည်သည်။

**"သုံးပါးရတနာ၊ မိဘများနှင့်၊ ဆရာသမားများကိုပူဇော်လေ"**ဟူသော မင်္ဂလာတရားနှင့်အညီ စစ်မှန်သောပူဇော်ကန်တော့ခြင်း အလေ့အကျင့်များကို ကလေးသူငယ်များရရှိပွားများလာစေရေးအတွက် မိဘဆရာများကပင် သွန်သင်ညွှန်ပြပျိုးထောင်ပေးနေကြရပေမည်။ အစကောင်းမှအနှောင်းသေချာဆိုသကဲ့သို့ ကလေးသူငယ်ဘဝကတည်းက သူတို့ နှလုံးသားထဲတွင် စွဲထင်နေအောင် လေ့ကျင့်သင်ကြားပေးနေကြရပေမည်။

သို့မှသာလျှင် **"ဝါလကင်းလွတ်သီတင်းကျွတ်" "ဝါကျွတ်ဓါမီ သည်ရာသီ"**၏သရုပ်သကန်အမှန်နှင့် ကန်တော့ရခြင်း၏ အနှစ်သာရ အစစ်အမှန်ကို ကလေးလူငယ်များ နားလည်လက်ခံကျင့်သုံးလာကြပြီး ကြည်သာရွှင်မြူး ညွတ်နူးအာရုံ၊ လက်ကြာမုံဖြင့်၊ ယုံကြည်မှုသဒ္ဓါပွားများ ခံစားလာကြကာ အလေးအမြတ်ထားပြီး ကန်တော့လာကြပေလိမ့်မည်။

# ဆိပ်ဖြူမြို့နယ် မြင်ကာဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကာဝကျေးရွာအုပ်စု မြင်ကာဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၅ရက် ညနေပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ဆောင်ရွက်ခြင်းမှာ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းနှင့်ပတ်သက်သည့် စာရင်းဇယားများကို စနစ်တကျဖြည့်သွင်းရန်၊ ချေးငွေနှင့် အတိုးနှုန်းတို့ကို သတ်မှတ်ကာလအတွင်း ပေးဆပ်နိုင်ရန် အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များက မြင်ကာဝကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# နိုင်ငံတကာ သတင်းများ

## မလေးရှားဘုရင်နှင့် တွေ့ဆုံဆွေးနွေးစဉ် လွှတ်တော်ဖျက်သိမ်းမည့်နေ့ကို ဝန်ကြီးချုပ် အဆိုပြုဖွယ်ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၆**

မလေးရှား ဘုရင်မင်းမြတ်နှင့် ယနေ့တွင်ကျင်းပမည့် တွေ့ဆုံဆွေးနွေးပွဲတွင် မလေးရှားဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့ဘ်သည် လွှတ်တော် ဖျက်သိမ်းမည့်နေ့ကို အဆိုပြု တင်ပြဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘုရင်မင်းမြတ်နှင့်ပုံမှန်တွေ့ဆုံဆွေးနွေးမှုပြုလုပ်ချိန်တွင် မိမိအနေဖြင့် လွှတ်တော်ဖျက်သိမ်းရမည့်နေ့ကို အဆိုပြုတင်ပြနိုင်ကြောင်း ဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့ဘ်က ပြောကြားခဲ့သည်။

လွှတ်တော်ဖျက်သိမ်းမည့်နေ့ကို ဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့ဘ်က အဆိုပြုခဲ့ပါက မလေးရှားနိုင်ငံအနေဖြင့် လွှတ်တော် ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပရတော့မည်ဖြစ်သည်။

ပုံမှန်အားဖြင့် မလေးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလမှသာလွှတ်တော်ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် လက်ရှိအာဏာရညွန့်ပေါင်းအစိုးရအဖွဲ့၏ အနေအထားခိုင်မာရေးအတွက်ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပရန် ညွန့်ပေါင်းအုပ်စုဝင် နိုင်ငံရေးအင်အားစုအချို့က ဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့ဘ်ကို ဖိအားပေးလျက်ရှိသည်။

မလေးရှား နိုင်ငံအနေဖြင့် လွှတ်တော်ကို ဖျက်သိမ်းခဲ့ပါက ရက်ပေါင်း ၆၀အတွင်း ရွေးကောက်ပွဲများကျင်းပပေးရမည်ဖြစ်ကြောင်း သိရသည်။

KKO

## ထိုင်းနိုင်ငံ နေ့ကလေးထိန်းကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား လူ ၃၄ ဦးသေဆုံး

**ဖန်ကောက် အောက်တိုဘာ ၆**

ထိုင်းနိုင်ငံအရှေ့ပိုင်း နေ့ကလေးထိန်းဌာနတစ်ခု၌ ယနေ့တွင် ရဲဝန်ထမ်းဟောင်းတစ်ဦး၏သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေး ၂၂ ဦးအပါအဝင် လူ ၃၄ဦး သေဆုံးခဲ့ရကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နေ့ကလေးထိန်းဌာန ပစ်ခတ်မှုများကျူးလွန်ပြီးနောက် ယင်း ရဲဝန်ထမ်းဟောင်းသည် ဇနီးနှင့် ကလေးကိုသတ်၍ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အစုလိုက်အပြုံလိုက် ပစ်ခတ်တိုက်ခိုက်မှုသည် ဖန်ကောက်မြို့ အရှေ့မြောက်ဘက် မိုင် ၃၁၀ ခန့်အကွာရှိ အူထိုင်းဆာဝန်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သော ရဲဝန်ထမ်းဟောင်းသည် မူးယစ်ဆေးဝါးပြဿနာများကြောင့် ပြီးခဲ့သည့်လေးနှစ်က ရဲတပ်ဖွဲ့မှ ထုတ်ပယ်ခံထားရသူဖြစ်သည်။

နေ့ကလေးထိန်းဌာနသို့ သေနတ်သမားရောက်လာချိန်တွင် ကလေးဦးရေ ၃၀ ခန့်ရှိနေကြောင်း ထိုင်းရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

အူထိုင်းဆာဝန်မြို့ နေ့ကလေး ထိန်းဌာန အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုသည် လွန်စွာတုန်လှုပ်ဖွယ်ကိစ္စဖြစ်ကြောင်းထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် အခြားအရှေ့တောင်အာရှဒေသတွင်း နိုင်ငံများနှင့်နှိုင်းယှဉ်ပါက သေနတ်ပိုင်ဆိုင်မှုနှုန်း ပိုမြင့်မားသော်လည်း အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှုများမှာ ရှားပါးကြောင်း သိရသည်။

KKO



## တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ ဖုန်းခေါ်ဆိုဆွေးနွေး



**ဆိုးလ် အောက်တိုဘာ ၆**

တောင်ကိုရီးယား သမ္မတ ယွန်းဆွတ်ယိုးနှင့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါတို့သည် ယနေ့တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးမှုအတွင်း တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုများကို ရှုတ်ချခဲ့ကြသည်။

ထို့ပြင် ရန်လိုသော လုပ်ရပ်များအတွက် နောက်ဆက်တွဲဆိုးကျိုးများရင်ဆိုင်ရမည်ဟူသောပြတ်သားသည့်သတင်းစကားမျိုး မြောက်ကိုရီးယားကိုပေးရန် လိုအပ်ကြောင်းလည်း ဂျပန်နှင့် တောင်ကိုရီးယား ခေါင်းဆောင်များက သဘောတူခဲ့ကြသည်။

မြောက်ကိုရီးယား နိုင်ငံသည် အောက်တိုဘာ ၄ ရက်တွင်တာဝေးပစ်ဒုံးကျည်တစ်စင်းကို ဂျပန်နိုင်ငံအားကျော်လွန်၍ ပစ်လွှတ်ခဲ့သည်။

ထို့ပြင် ယနေ့တွင်လည်း မြောက်ကိုရီးယားနိုင်ငံသည် တာတိုပစ်ဒုံးကျည်နှစ်စင်းကို အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ ထပ်မံပစ်လွှတ်ခဲ့သည်။

အဆိုပါတာတိုပစ် ဒုံးကျည်ပစ်လွှတ်မှုများသည် ရက်သတ္တနှစ်ပတ်ခန့်ကြာကာလအတွင်း မြောက်ကိုရီးယားနိုင်ငံက ပြုလုပ်ခဲ့သော ဆဋ္ဌမမြောက် ဒုံးကျည်စမ်းသပ်မှုဖြစ်ကြောင်း သိရသည်။ KKO

## ဇာပိုရစ်ဇီယာနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရုရှားပိုင်အဖြစ်သိမ်းယူရန် သမ္မတပူတင် အမိန့်ဒီကရီထုတ်ပြန်

**မော်စကို အောက်တိုဘာ ၆**

ဥရောပ၏အကြီးမားဆုံးနျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရုရှားဖက်ဒရေးရှင်း၏ ပိုင်ဆိုင်မှုအဖြစ် သိမ်းယူရန် ရုရှားသမ္မတ ပူတင်က အောက်တိုဘာ ၅ ရက်တွင် အမိန့်ဒီကရီတစ်ရပ် ထုတ်ပြန်ခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရုရှားနိုင်ငံ၏ အချုပ်အခြာအောက် ပါဝင်လာသည့် ယူကရိန်းတောင်ပိုင်းဇာပိုရစ်ဇီယာဒေသ၌ တည်ရှိသည်။



အဆိုပါ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရုရှားတပ်များကယခုနှစ် မတ်လအတွင်း ထိန်းချုပ်ခဲ့ပြီး စက်ရုံကို ယူကရိန်း ကျွမ်းကျင်သူများက တာဝန်ယူလည်ပတ်ခဲ့သည်။

သို့သော် အောက်တိုဘာ ၅ ရက်တွင် ထုတ်ပြန်ခဲ့သော အမိန့်ဒီကရီ၌ ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ နျူကလီးယားစွမ်းအင်ဆိုင်ရာ အဆောက်အအုံများကို ရုရှားဖက်ဒရေးရှင်း၏ ပိုင်ဆိုင်မှုအဖြစ်သိမ်းယူရန် ရုရှားသမ္မတ ပူတင်က ညွှန်ကြားထားကြောင်း သိရသည်။

ဇာပိုရစ်ဇီယာစက်ရုံတည်ရှိရာ ဇာပိုရစ်ဇီယာဒေသကို ရုရှားအချုပ်အခြာအောက်သို့ ထည့်သွင်းမည်ဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က စက်တင်ဘာ ၃၀ ရက်တွင် ကြေညာထားပြီးဖြစ်သည်။

ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရုရှားနှင့် ယူကရိန်းတို့ကြား တိုက်ပွဲဖြစ်ပွားနေသော ရှေ့တန်းစစ်မြေပြင်များ အနီးတွင် တည်ရှိနေသည်ဖြစ်ရာ တိုက်ပွဲများကြောင့် ယင်းစက်ရုံ၌ နျူကလီးယားကပ်ဘေးတစ်ခု ပေါ်ထွက်မည့်အရေးကို နိုင်ငံတကာက စိုးရိမ်ခဲ့ကြရကြောင်း သိရသည်။ KKO

## ကိုးနှစ်ကြာခိုးသွယ်ထားသည့် မှောင်ခိုရေနံပိုက်လိုင်းကို နိုင်ဂျီးရီးယားတာဝန်ရှိသူများ တွေ့ရှိ

**အဘူဂျာ အောက်တိုဘာ ၆**

နိုင်ဂျီးရီးယားနိုင်ငံ၏ အဓိက ရေနံဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ပြင်ဘက်သို့ ခိုးသွယ်ထားသော ရေနံစိမ်းခိုးထုတ်ရေးပိုက်လိုင်းတစ်ခုကို နိုင်ဂျီးရီးယားတာဝန်ရှိသူများက ဖော်ထုတ်တွေ့ရှိခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ ဖော်ကာဒေါ့စ် ရေနံဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ပြင်ဘက်သို့ ခိုးသွယ်ထားသည့် အဆိုပါရေနံပိုက်လိုင်းကို ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်ကပြုလုပ်ခဲ့သည့် ရေနံစိမ်းခိုးထုတ်နှိမ်နင်းမှုလုပ်ငန်းစဉ်အတွင်း တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက အောက်တိုဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

ရေနံစိမ်းမှောင်ခို ခိုးထုတ်သူများသည် အရှည် ၂ ဒသမ ၅ မိုင်ရှိသည့် အဆိုပါရေနံပိုက်လိုင်းကို ပြီးခဲ့သည့် ကိုးနှစ်ကပင် စတင်ခိုးသွယ်ထားခြင်းဖြစ်သည်။

ဖော်ကာဒေါ့စ် ရေနံဆိပ်ကမ်းသည် တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၂၅၀၀၀၀ထိ တင်ပို့နေသည့် ရေနံဆိပ်ကမ်းဖြစ်ကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် အာဖရိကတိုက်၏ ရေနံထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်သော်လည်း ရေနံစိမ်းခိုးထုတ်မှုများကြောင့် စီးပွားရေးအရ နှစ်စဉ်ဒေါ်လာဘီလီယံနှင့်ချီ နစ်နာနေရသည်။

နိုင်ဂျီးရီးယား၌ ရေနံစိမ်းခိုးထုတ်မှုများသည် ပြီးခဲ့သည့် နှစ် ၂၀ ကျော်ကပင် ဖြစ်ပွားနေခဲ့သော်လည်း မကြာသေးမီနှစ်များအတွင်း ရေနံစိမ်းခိုးထုတ်ခံရမှုနှုန်းမှာစံချိန်တင်မြင့်တက်လာသည်ဟု နိုင်ဂျီးရီးယားအစိုးရက ပြောကြားထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ULA ကုမ္ပဏီက ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်းကို အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်



**ဝါရှင်တန် အောက်တိုဘာ ၆**

United Launch Alliance (ULA) ကုမ္ပဏီသည် ပုဂ္ဂလိက ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်းကို အောက်တိုဘာ ၄ ရက်က အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်း တင်ဆောင်ထားသည့် အက်တလပ်စ်-၅ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အက်တလပ်စ်-၅ ဒုံးပျံသစ် လွှတ်တင်ပြီး ၅ နာရီနှင့်မိနစ် ၄၀ အကြာတွင် SES-20 အမည်ရှိ ဂြိုဟ်တုကိုလည်းကောင်း၊ နောက်မိနစ် ၄၀ အကြာတွင် SES-21 ဂြိုဟ်တုကိုလည်းကောင်း ကမ္ဘာမြေပြင်အထက် မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းအနီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုနှစ်စင်းသည် ၎င်းတို့၏ ကိုယ်ပိုင်ဒုံးကန်အားစနစ်များကိုသုံး၍ ကမ္ဘာမြေပြင်အထက် မိုင် ၂၂၀၀၀ ကျော်အကွာရှိသတ်မှတ်ပတ်လမ်းပေါ်သို့ ဆက်လက် တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

SES-20 နှင့် SES-21 ဆက်သွယ်ရေးဂြိုဟ်တု နှစ်စင်းသည် ဘိုးရင်းကုမ္ပဏီက တည်ဆောက်ပေးထားသော အဆင့်မြင့်နည်းပညာသုံး ဆက်သွယ်ရေးဂြိုဟ်တုများဖြစ်ကြကြောင်း သိရသည်။

အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်းသည် အမေရိကန်နိုင်ငံတစ်ဝန်း၌ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ KKO

## ကမ္ဘာပေါ်မှသက်ရှိများက မဟာဓာတုပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ပင်လယ်ရေမှုန်ရေမွှားများမှတစ်ဆင့် စတင်ခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၆**

ကမ္ဘာပေါ်ရှိ သက်ရှိများသည် မဟာဓာတုပေါက်ကွဲမှု ဖြစ်စဉ် (Chemical Big Bang) ကြောင့် ပင်လယ်ရေမှုန်ရေမွှားများမှတစ်ဆင့် စတင်ခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၆ ရက်က ရေးသားတင်ပြထားသည်။

လွန်ခဲ့သော နှစ်သန်းရာပေါင်းများစွာက ပင်လယ်ရေမှုန်များနှင့် လေထုတို့ထိတွေ့ချိန် တစ်ချိန်တည်းလိုလိုမှာပင် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးအတွက် လိုအပ်သည့် ဇီဝအခြေခံပစ္စည်းများ ပေါ်ထွက်လာကြဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ပါဂျူးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။



သက်ရှိများအတွက် လိုအပ်သည့် ဓာတုပစ္စည်းများသည် ဂြိုဟ်သိမ်များ၊ ဥက္ကာခဲများနှင့်အတူ ကမ္ဘာပေါ်သို့ ရောက်ရှိလာကြောင်း သိပ္ပံပညာရှင်အများစုက လက်ခံထားကြသည်။

သို့ရာတွင် ဂြိုဟ်သိမ်များ၊ ဥက္ကာခဲများနှင့်အတူ ပါလာသည့် ရိုးစင်းသော မော်လီကျူးများနှင့် အမိုင်နိုအက်စစ်များ အနေဖြင့် သက်ရှိများအဖြစ်သို့ ပြောင်းလဲသွားပုံနှင့်ပတ်သက်၍ အငြင်းပွားနေကြရဆဲဖြစ်သည်။

ပါဂျူးတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာပေါ်ရှိ သက်ရှိများသည် မဟာဓာတုပေါက်ကွဲမှုဖြစ်စဉ်တစ်ခုအတွင်း တစ်ချိန်တည်းပေါ်ထွက်လာကြောင်း သိရသည်။

မဟာဓာတုပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ပင်လယ်ရေမှုန်များနှင့် လေထုတို့ ထိတွေ့ရာနေရာများသည် ဓာတ်တုံ့ပြန်မှုနှုန်းမြန်ဆန်သော ဇီဝဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် အမိုင်နိုအက်စစ်များကို သက်ရှိများ၏ အခြေခံဇီဝပစ္စည်းအဖြစ် ပြောင်းလဲပေးခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

## လွန်ခဲ့သောနှစ် ၆၆ သန်းက ကျရောက်ခဲ့သည့်ဂြိုဟ်သိမ်ကြောင့် ကမ္ဘာတစ်ဝန်း၌ တစ်မိုင်ထိမြင့်သည့် ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၆**

လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ကျရောက်ခဲ့သည့် ဂြိုဟ်သိမ်ကြောင့် ကမ္ဘာပေါ်ရှိ အပင်နှင့်သက်ရှိမျိုးစိတ် လေးပုံသုံးပုံပျက်သုဉ်းခဲ့ရသည့်အပြင် ကမ္ဘာတစ်ဝန်း၌လည်း တစ်မိုင်ထိမြင့်သည် ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ဂြိုဟ်သိမ်ကျရောက်မှုကြောင့် ပေါ်ထွက်လာသည့် ဆူနာမီလှိုင်းများသည် သမုဒ္ဒရာကြမ်းပြင်များကို ပွတ်ဆွဲရွေ့လျားခဲ့ကြခြင်းဖြစ်ရာ ၎င်းဆူနာမီလှိုင်းများ၏ ဘူမိသဲလွန်စများကို ဂြိုဟ်သိမ်ကျရောက်ရာဒေသနှင့် မိုင်ရာပေါင်းများစွာကွာဝေးသော နယူးဇီလန်ထိ တွေ့ရှိရကြောင်း အမေရိကန်နိုင်ငံ မစ်ချီဂန်တက္ကသိုလ်မှသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

မက္ကဆီကိုနိုင်ငံ ယူကာတန်ကျွန်းဆွယ်ဒေသ၌ ကျရောက်ခဲ့သော ဂြိုဟ်သိမ်ကြောင့် ပေါ်ထွက်လာသော သမုဒ္ဒရာကြမ်းပြင်ဒေသဘူမိသွင်ပြင်လက္ခဏာများကို ကမ္ဘာတစ်ဝက်လောက်တွင်တွေ့မြင်နေရကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ ဆူနာမီလှိုင်းများကြောင့်ပေါ်ထွက်လာသည့် သမုဒ္ဒရာကြမ်းပြင် ဘူမိလက္ခဏာအပြောင်းအလဲတချို့ကို ဂြိုဟ်သိမ်ကျရောက်ရာနေရာနှင့် မိုင် ၃၅၀၀ ကွာဝေးသော နယူးဇီလန်မြောက်ပိုင်းနှင့်တောင်ပိုင်း ကမ်းလွန်ရေပြင်များ၌ တွေ့နိုင်ဆဲဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ယူကာတန်ကျွန်းစွယ်သို့ ကျရောက်ခဲ့သည့် ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်း ၈ ဒသမ ၇ မိုင်ရှိပြီး တစ်နာရီလျှင် မိုင်ပေါင်း ၂၇၀၀၀ အလျင်နှုန်းဖြင့် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဂြိုဟ်သိမ်ကျရောက်စဉ် ကပေါ်ထွက်ခဲ့သည့် ဆူနာမီလှိုင်းများ၏ အင်အားသည် ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ မြေငလျင်ဆူနာမီကပ်ဘေးထက် အဆပေါင်း ၃၀၀၀၀ ကျော် ပိုပြင်းထန်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

KKO

# HEALTH

## အစာပြွန်ကင်ဆာလူနာ၏ အသက်ရှင်မှုနှုန်းကို PDE-5 အုပ်စုဝင်ဆေးများက မြှင့်တင်နိုင်ဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၆**

အမျိုးသား ပန်းသေပန်းညှိုးရောဂါကုသရေးဆေး(PDE-5) များသည် အစာပြွန်ကင်ဆာရောဂါခံစားနေရသည့်လူနာများ၏အသက်ရှင်နိုင်မှုနှုန်းကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

ဗိုင်ရာဂရာ (Viagra) အပါအဝင်Phosphodiesterase Type 5(PDE-5) အုပ်စုဝင်ဆေးများသည် အစာပြွန်ကင်ဆာရောဂါလူနာများ၏ ဓာတုကုထုံးတုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ဖွယ် ရှိကြောင်း ဗြိတိန် သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် PDE-5 အုပ်စုဝင်ဆေးများအနေဖြင့် အစာပြွန်ကင်ဆာရောဂါအပြင် အခြားကင်ဆာရောဂါပုံစံများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနိုင်သည်ဟု သုတေသနပညာရှင်များက မျှော်လင့်ထားကြောင်း၊ အစာပြွန်ကင်ဆာရောဂါသည် လူနာအသက်ရှင်နိုင်မှုနှုန်း အနိမ့်ဆုံး ကင်ဆာရောဂါများထဲတွင်ပါဝင်ပြီး ၎င်းကင်ဆာရောဂါဖြစ်ပွားပါက ၁၉ ရာခိုင်နှုန်းသည်သာ ငါးနှစ်နှင့်အထက် အသက်ရှင်နိုင်ကြောင်း သိရသည်။

သို့ရာတွင် ဓာတ်ခွဲခန်းစမ်းသပ်မှုရလဒ်များအရ PDE-5 အုပ်စုဝင်ဆေးများသည် အစာပြွန်ကင်ဆာရောဂါ ဓာတုကုထုံး၏အာနိသင်ကို သိသိသာသာ မြှင့်တင်ပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များပြုလုပ်ခဲ့သော လေ့လာချက်ရလဒ်အရလည်း PDE- 5 အုပ်စုဝင်ဆေးများသည် သုက်ရည်ဂလင်းအိတ်ကင်ဆာဆဲလ်များပျံ့နှံ့မှုကိုတားဆီးနိုင်ကြောင်း သိရသည်။

KKO

## ကိုဗစ်အားဖြည့်ကာကွယ်ဆေး ထပ်မံထိုးနှံထားမှုက သက်ကြီးပိုင်းများ၏ ခုခံအားစနစ်ကိုထိန်းထားနိုင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၆**

ကိုဗစ်အားဖြည့်ကာကွယ်ဆေး ထပ်မံထိုးနှံထားမှုသည် သက်ကြီးပိုင်းများ၏ခုခံအားစနစ်ကို ထိန်းထားနိုင်ရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများအနေဖြင့် ခုခံအား ကျဆင်းသွားချိန်မျိုးတွင် ဗိုင်းရပ်ကူးစက်နိုင်မှုကို ကာကွယ်ရေးအတွက် အားဖြည့်ကာကွယ်ဆေး ထပ်မံထိုးနှံရန်လိုအပ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများ၌ ကိုဗစ်ကာကွယ်ဆေးကြောင့် ပဋိပစ္စည်း ထွက်ပေါ်မှုနှုန်းသည် လူငယ်များ၌ ထွက်ပေါ်သည့်နှုန်းထက် သုံးဆမှရှစ်ဆထိ ပိုနည်းတတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အားဖြည့်ကာကွယ်ဆေး ထပ်မံထိုးနှံပြီးချိန်တွင် သက်ကြီးပိုင်းများ၏ ဗိုင်းရပ်ဆန့်ကျင်ရေးပဋိပစ္စည်း ထွက်ပေါ်မှုနှုန်းမှာ လူငယ်များ၌ ထွက်ပေါ်သည့်နှုန်းလောက်ထိ မြင့်တက်လာကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ကာကွယ်ဆေး နှစ်လုံးအပြည့် ထိုးနှံထားသည့် သက်ကြီးပိုင်းများနှင့်လူငယ်များကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်များ

ML

**နယူးကာဆယ် Vs ဘရန့်ဖို့ဒ်**

**ကစားမည့်ရက်/အချိန် ၈-၁၀-၂၀၂၂ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရန့်ဖို့ဒ် ၀ - ၂ နယူးကာဆယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | - | အိမ်(သရေ) | အိမ်(သရေ) | ဝေး(နိုင်) |
| ဘရန့်ဖို့ဒ် | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(သရေ) |

အခုရာသီမှာ နယူးကာဆယ်အသင်းဟာ အိမ်ကွင်းခံစစ်ပိုင်းတည်ငြိမ်နေတာကြောင့် ရှုံးပွဲမရှိသေးတဲ့အပြင် တိုက်စစ်ပိုင်းလဲ ထက်မြက်နေပါတယ်။ ဘရန့်ဖို့ဒ်အသင်းကတော့ အသင်းလိုက်ကစားအားကောင်းပေမဲ့ အဝေးကွင်းဆိုရင် ခံစစ်ပိုင်းအားနည်းချက်ရှိနေတာကြောင့် အခုပွဲစဉ်မှာ ရှုံးကန်ရမှာပါ။ ဒါကြောင့် အိမ်ရှင်နယူးကာဆယ်နဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - နယူးကာဆယ် ၁ - ၀ ဘရန့်ဖို့ဒ်**

**ချဲလ်ဆီး Vs ဝုဗ်**

**ကစားမည့်ရက်/အချိန် ၈-၁၀-၂၀၂၂ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ချဲလ်ဆီး ၂ - ၂ ဝုဗ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဝုဗ် | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |

နည်းပြ ဂရာဟမ်လက်ထက်မှာ ပုံစံကောင်းပြန်လည်ရရှိလာတဲ့ ချဲလ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အေစီမီလန်ကို ဂိုးပြတ်အနိုင်ယူပြီး ခြေစွမ်းပြသနိုင်ခဲ့ပါတယ်။ လက်ရှိ ဝုဗ်အသင်းကတော့ ရလဒ်ဆိုးရွားနေတာကြောင့် နည်းပြထုတ်ပယ်ခဲ့သလို ကစားသမားသစ်တွေအထိုင်မကျသေးပါဘူး။ ဒါကြောင့် ဝုဗ်အသင်း အခုပွဲစဉ်မှာ ရလဒ်မကောင်းနိုင်ပါဘူး။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၂ - ၁ ဝုဗ်**

### အီတလီစီးရီးအေ ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်

ML

**အေစီမီလန် Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၈-၁၀-၂၀၂၂ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေစီမီလန် ၀ - ၀ ဂျူဗင်တပ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | - | အိမ်(ရှုံး) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ဂျူဗင်တပ် | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

အေစီမီလန်အသင်းဟာ အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်ပေမဲ့ ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ နာပိုလီကိုရှုံးခဲ့လို့ ချန်ပီယံကာကွယ်ဖို့အတွက် အခုပွဲစဉ်ကို အနိုင်ကစားရမှာပါ။ ဂျူဗင်တပ်အသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိနေပါတယ်။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာရမဲ့ အေစီမီလန်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အေစီမီလန် ၂ - ၁ ဂျူဗင်တပ်**

### အားကစားသတင်း အတိုအထွာများ

- ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘင်ဖီကာအသင်းဘက်သို့ ဦးဆောင်ဂိုးသွင်းယူနိုင်သည့် တိုက်စစ်မှူး မက်ဆီသည် မတူညီသည့် ပြိုင်ဘက်အသင်း ၄၀ ကို ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။
- အေစီမီလန်အသင်းကို အနိုင်ရခဲ့သော်လည်း အဓိက ခံစစ်ကစားသမား ဖိုဖန်နာဒူးဒဏ်ရာရရှိခဲ့သည့်အတွက် အသင်းအတွက် ထိုးနှက်ချက်တစ်ခုဖြစ်ကြောင်း နည်းပြဂရာဟမ်ပေါ်တာက ပွဲအပြီး မီဒီယာများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ML

# ကွင်းလယ်ကစားသမား ဖရန့်ကက်စီ ဒဏ်ရာရရှိခဲ့မှုကြောင့် ဘာစီလိုနာအသင်းတွင် ဒဏ်ရာရကစားသမား ခုနစ်ဦးထိရှိလာ




**ဘာစီလိုနာ အောက်တိုဘာ ၆**

ဘာစီလိုနာအသင်းမှ ကွင်းလယ်ကစားသမား ဖရန့်ကက်စီသည် အသင်းနှင့်ပြုလုပ်သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ကြွက်သားဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိသဖြင့် အသင်းတွင်ဒဏ်ရာပြဿနာကြုံနေသည့် ပထမအသင်းကစားသမား ခုနစ်ဦးထိ ရှိလာခဲ့သည်ဟု အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖရန့်ကက်စီသည် ပြီးခဲ့သည့် အောက်တိုဘာ ၅ ရက်က အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မိနစ် ၈၀ ကျော်မှ လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားခဲ့သော်လည်း ပြိုင်ပွဲအပြီးတွင် ကြွက်သားဒဏ်ရာရရှိခဲ့သည့်အတွက် ယနေ့ပြုလုပ်မည့် လေ့ကျင့်ခန်းအစီအစဉ်တွင် ပါဝင်နိုင်ခြင်းမရှိရာ လာမည့်ပွဲစဉ်များကို လွဲချော်နိုင်သောကြောင့် အသင်းတာဝန်ရှိသူများက ဒဏ်ရာရကစားသမားစာရင်းတွင် ထည့်သွင်းခဲ့ကြောင်း သိရသည်။

၎င်းသည် ယခုနှစ်နွေရာသီက ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ရှစ်ပွဲတွင် နှစ်ပွဲကို ပွဲထွက်ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိခဲ့ကာ ကျန်ခြောက်ပွဲကို လူစားဝင် ကစားသမားအဖြစ်သာ ကစားခဲ့ရသော်လည်းလက်ရှိတွင် ဒဏ်ရာအခြေအနေကြောင့်ထပ်မံအနားယူရဖွယ်ရှိနေသည်။

ဘာစီလိုနာအသင်းတွင် ဖရန့်ကက်စီအပါအဝင် ခံစစ်ကစားသမား ခရစ်စတန်ဆန်၊ ရော်နယ်အာရှူဂျို၊ ခွန်ဒီ၊ ဘယ်လာရင်၊ ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်းနှင့် တိုက်စစ်မှူး ဒီပေးတို့ ဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ML

# Ostrava Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ စဝီယာတက်ခ် တက်ရောက်

**ပရက် အောက်တိုဘာ ၆**

ချက်နိုင်ငံတွင်ကျင်းပနေသည့် Ostrava Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်နှင့် ဩစတြေးလျ တင်းနစ်မယ် တွမ်ဂျန်နိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၇-၅၊ ၂-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ပထမပွဲငယ်တွင် tie-break ထိ ကစားခဲ့ရပြီး ဒုတိယပွဲငယ်တွင် ပြိုင်ဘက်ကစားသမား တွမ်ဂျန်နိုဗစ်က ဒဏ်ရာရရှိခဲ့သည့်အတွက် ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသောကြောင့် စဝီယာတက်ခ်က အနိုင်ရရှိခဲ့သည်။

တွမ်ဂျန်နိုဗစ်အနေဖြင့် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာကို လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ကာ ဆေးကုသမှုခံယူသွားမည်ဖြစ်ကြောင်း သိရသည်။

စဝီယာတက်ခ်အနေဖြင့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ပိုင်းတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ယခုပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

စဝီယာတက်ခ်က "တကယ်ကောင်းတဲ့ပွဲစဉ်တစ်ပွဲပါ။ ဒါပေမဲ့ ဒုတိယပွဲငယ်မှာတော့ တွမ်ဂျန်နိုဗစ်ကံမကောင်းခဲ့ဘူး။ ဒဏ်ရာကြောင့် အရှုံးပေးခဲ့ရတယ်။ ဒဏ်ရာသာမရခဲ့ဘူးဆိုရင် အနိုင်အရှုံးအတွက် အကြိတ်အနယ်ကစားရမဲ့ အခြေအနေဖြစ်ပါတယ်။ တွမ်ဂျန်နိုဗစ်အတွက်လဲ စိတ်မကောင်းဖြစ်မိပါတယ်။ ဒဏ်ရာအမြန်ဆုံးသက်သာပျောက်ကင်းပါစေလို့လဲ ဆုတောင်းပေးပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲအပြီးတွင် ဂေါက်သီးရိုက်လောကမှ အနားယူမည်ဟု နာယွန်ချင် ပြောကြား

**ဆိုးလ် အောက်တိုဘာ ၆**

တောင်ကိုရီးယား အမျိုးသမီးဂေါက်သီးရိုက်လောကတွင် ကမ္ဘာ့အဆင့်သို့ ပထမဦးဆုံးတက်ရောက်လာနိုင်သည့် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် စာရင်းတွင် ပါဝင်သည့် နာယွန်ချင်သည် အောက်တိုဘာ ၂၀ ရက်တွင် စတင်ကျင်းပသွားမည့် BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲအပြီးတွင် ဂေါက်သီးရိုက်လောကမှ အနားယူမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်ဟု LPGA က ယနေ့တွင် ဖော်ပြခဲ့သည်။

နာယွန်ချင်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် ကမ္ဘာ့အဆင့်(၂)နေရာသို့ အမြင့်ဆုံးတက်ရောက်ခဲ့ဖူးပြီး LPGA Tour တွင် ဆုဖလားပေါင်း ကိုးလုံးထိ ဆွတ်ခူးခဲ့ဖူးသူဖြစ်သည်။

၎င်းသည် ၂၀၁၂ ခုနှစ် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ဖူးပြီးတောင်ကိုရီးယားဂေါက်သီးရိုက်လောကတွင် အရှိန်အဝါရှိသူတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

နာယွန်ချင်က "ကျွန်မရဲ့ကစားသမားဘဝ အနာဂတ်နဲ့ပတ်သက်ပြီး သေသေချာချာ စဉ်းစားပြီးတော့ ဆုံးဖြတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကို ပရိသတ်တွေဆီ မျှဝေပေးချင်ပါတယ်။ ကျွန်မအနေနဲ့ ကစားသမားဘဝကနေ အနားယူဖို့ဆုံးဖြတ်လိုက်ပါပြီ။ မကြာမီကျင်းပမဲ့ BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲအပြီးမှာ ကစားသမားဘဝကနေ အနားယူသွားမှာဖြစ်ပါတယ်။ ကျွန်မရဲ့အသက် ၁၆ နှစ်အရွယ်ကတည်းက ဂေါက်သီးရိုက် လောကထဲကို ဝင်ရောက်လာခဲ့တာဖြစ်ပြီး ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်လောကမှာ ကျင်လည်လာတာ ၁၈ နှစ်ပြည့်ပြီဖြစ်ပါတယ်။ ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်လောကထဲကို ဝင်ရောက်ခဲ့ပြီးတဲ့နောက် KLPGA Tour မှာ သုံးနှစ်ပါဝင်ယှဉ်ပြိုင်ခဲ့တယ်။အဲဒါပြီးတော့ ကျွန်မရဲ့အိပ်မက်ဖြစ်တဲ့ LPGA Tour မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ LPGA Tour မှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ကာလတစ်လျှောက် အမှတ်တရကောင်းတွေ အများကြီးရှိခဲ့သလို အောင်မြင်မှုတွေလဲ အများကြီးရခဲ့ပါတယ်။ အခု ဒီလောကကို စွန့်ခွာဖို့အတွက် စဉ်းစားထားပါတယ်။ ကစားသမားတစ်ယောက်အနေနဲ့ ဒီလိုအခြေအနေကို တစ်ချိန်ချိန်မှာ ရင်ဆိုင်ကြုံတွေ့ရမှာပဲ။ ကစားသမားဘဝကနေ အနားယူဖို့ စောနေသေးတယ်ဆိုပေမဲ့ ကျွန်မရဲ့ဘဝစာမျက်နှာသစ်ကို ဖွင့်လှစ်ချင်တဲ့အတွက် အခုလိုဆုံးဖြတ်ခဲ့တာပါ" ဟု ပြောကြားခဲ့သည်။

AZL

# လေဗာကူဆင်အသင်းက နည်းပြဆီအိုနီ၏နေရာတွင် ဇာဗီအလွန်ဆိုကို အစားထိုးခန့်အပ်ကြောင်း ကြေညာ



**ဘာလင် အောက်တိုဘာ ၆**

လေဗာကူဆင်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြဆီအိုနီကို ထုတ်ပယ်၍ ရီးရဲလ်ဆိုစီဒက်(B) အသင်းတွင် နည်းပြတာဝန် ထမ်းဆောင်နေသည့် ဇာဗီအလွန်ဆိုကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Fot-mob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၀ ရှိ ဇာဗီအလွန်ဆိုသည် ၂၀၁၇ ခုနှစ်က ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ကာ ၂၀၁၉ ခုနှစ်တွင် ဆိုစီဒက်(B) အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး နှစ်နှစ်အကြာတွင် ဘွန်ဒက်လီဂါ ၂ အမှတ်ပေးဇယားအဆင့်(၁၇)သို့ ရောက်ရှိကာ ရလဒ်ပိုင်းကျဆင်းနေသည့် လေဗာကူဆင်အသင်းက နည်းပြဆီအိုနီ၏ နေရာတွင် အစားထိုးရန် ၎င်းကို ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

လေဗာကူဆင်အသင်းအားကစားဒါရိုက်တာ ရိုလ်ဖက်စ်က "ဆီအိုနီဟာ ပြီးခဲ့တဲ့နှစ်မှာ အသင်းအတွက် အကောင်းဆုံး လုပ်ဆောင်ခဲ့သလို အသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ အသင်းအနေနဲ့ ဂျာမန်ပိုကယ်ဖလား ပြိုင်ပွဲက စောစီးစွာထွက်ခဲ့ရသလို အမှတ်ပေးပြိုင်ပွဲမှာလဲ ရလဒ်ကျဆင်းခဲ့တာကြောင့် အပြောင်းအလဲပြုလုပ်ခဲ့ရတာပါ။ ဇာဗီအလွန်ဆိုဟာ ကစားသမားတစ်ယောက်ဖြစ်ပေမဲ့ ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှာ အတွေ့အကြုံကောင်းနဲ့ အရည်အသွေးကောင်းတွေရှိပြီး ဥရောပအောင်မြင်မှု အများအပြားရထားတဲ့သူပါ။ ဒါကြောင့် သူ့ကိုနည်းပြသစ်အဖြစ်ခန့်အပ်လိုက်တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သုံးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကွင်းလယ်ကစားသမားအဖြစ် ဘယ်လင်ဟမ် စံချိန်သစ်တင်

**ဘာလင် အောက်တိုဘာ ၆**

ဒေါ့မွန်အသင်း လူငယ်ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆီဗီလာအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သုံးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကွင်းလယ်ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်ဟု Bleacher Report Football သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်ရှိ ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က အင်္ဂလန်ချန်ပီယံရှစ်ကလပ် ဘာမင်ဂမ်အသင်းမှဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် လက်ရှိအချိန်ထိ အဓိက ကွင်းလယ် ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်သည်။

ဘယ်လင်ဟမ်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းအဓိက ကွင်းလယ်ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ်ကစားခဲ့သည့် ကိုပင်ဟေဂင်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲချိန်၈၃ မိနစ်၌လည်းကောင်း၊ မန်စီးတီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ပွဲချိန် ၅၆ မိနစ်၌လည်းကောင်း၊ဆီဗီလာအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင်ပွဲချိန် ၄၁ မိနစ်၌လည်းကောင်း သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သုံးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ STA



# Hall of Fame စာရင်းတွင် အင်္ဂလန်အသင်းနည်းပြဆောက်ဂိတ် ထည့်သွင်းဂုဏ်ပြုခံရ

**လန်ဒန် အောက်တိုဘာ ၆**

အင်္ဂလန်အသင်း နည်းပြဆောက်ဂိတ်သည် အင်္ဂလန်ဘောလုံးလောကတွင် အထင်ကရတစ်ခုဖြစ်သည့် Legends of Football Hall of Fame စာရင်းတွင် ထည့်သွင်း ဂုဏ်ပြုခံခဲ့ရသည်ဟု The Sun သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၅၂ နှစ်ရှိ ဆောက်ဂိတ်သည် အင်္ဂလန်အသင်းကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး လက်ရှိတွင် အသင်းအနေဖြင့် ရလဒ်မတည်မငြိမ်ဖြစ်နေပြီး ၂၀၂၂-၂၀၂၃ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင်လည်း တန်းဆင်းခဲ့ရပြီးနောက် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသော်လည်း Legends of Football Hall of Fame စာရင်းတွင် ထည့်သွင်းဂုဏ်ပြုခံခဲ့ရခြင်း ဖြစ်သည်။

နည်းပြ ဆောက်ဂိတ်သည် အင်္ဂလန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရသော်လည်း ပြီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သကဲ့သို့ ယူရို ၂၀၂၀ ပြိုင်ပွဲတွင်လည်း အသင်းသမိုင်းတစ်လျှောက်ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက် Legends of Football Hall of Fame စာရင်းတွင် ထည့်သွင်းဂုဏ်ပြုခံခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။ STA

**ယူရိုပါလိဂ် အုပ်စုအဆင့်ရလဒ်**

| | | | | |
|---|---|---|---|---|
| နီကိုးရှား | ၂ | - | ၃ | မန်ယူ |
| စတန်းဂရေ့စ် | ၀ | - | ၀ | လာဇီယို |
| ရှရစ် | ၀ | - | ၂ | ဆိုစီဒက် |
| မယ်လ်မို | ၀ | - | ၁ | ယူနီယံဘာလင် |
| မိုနာကို | ၃ | - | ၁ | ထရက်ဇွန်စပေါ့ (ဝ၄ဝ) |

**ယူရိုပါကွန်ဖရင့်လိဂ် အုပ်စုအဆင့်ရလဒ်**

| | | | | |
|---|---|---|---|---|
| အန်ဒါလက်ချ် | ၀ | - | ၁ | ဝက်စ်ဟမ်း |
| ဆကီဘော့ | ၅ | - | ၀ | စတူအာဘူခါရက် |
| ဆီဗက်စပေါ် | ၃ | - | ၄ | ဘော့လ်ကာနီ |
| ဆလိုဗက်ကို | ၀ | - | ၁ | နိုက် |
| ဒီနီပရို | ၂ | - | ၂ | ဗာဒုဇ် (ဝ၄ဝ) |

# ပြင်သစ်လီဂူး ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်များ

STA

**မာဆေး Vs အေဂျက်စီယို**

**ကစားမည့်ရက်/အချိန် ၈-၁၀-၂၀၂၂ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၃ - ၁ အေဂျက်စီယို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | – | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |
| အေဂျက်စီယို | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |

ဒီနှစ်သင်းကြား လက်ရှိခြေစွမ်းပိုင်းအရ ကွာခြားမှုရှိနေပြီး မာဆေးအသင်းက အသာစီးမှာရှိနေပါတယ်။ အေဂျက်စီယိုအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ မာဆေးအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့အတွက်တော့ ခက်ခဲနေမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ မာဆေးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – မာဆေး ၂ – ၀ အေဂျက်စီယို**

**ရိမ်း Vs ပီအက်စ်ဂျီ**

**ကစားမည့်ရက်/အချိန် ၉-၁၀-၂၀၂၂ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပီအက်စ်ဂျီ ၄ – ၀ ရိမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရိမ်း | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |
| ပီအက်စ်ဂျီ | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |

လက်ရှိ ဒီနှစ်သင်းကြား လူစာရင်းပိုင်းက ကွာခြားမှုရှိနေပါတယ်။ ရိမ်းအသင်းအတွက် အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့တုံ့ပြန်ကစားရမှာပါ။ ပီအက်စ်ဂျီအသင်းရဲ့လက်ရှိခြေစွမ်းပိုင်းကလဲ ရိမ်းအသင်းကိုအနိုင်ယူဖို့မခက်ခဲပါဘူး။ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း – ရိမ်း ၀ – ၃ ပီအက်စ်ဂျီ**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်များ

STA

**လေဗာကူဆင် Vs ရှော့လ်ကေး**

**ကစားမည့်ရက်/အချိန် ၈-၁၀-၂၀၂၂ (ည ၀၈:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၂ – ၁ ရှော့လ်ကေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | – | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| ရှော့လ်ကေး | – | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |

နည်းပြအပြောင်းအလဲပြုလုပ်ထားတဲ့ လေဗာကူဆင်အသင်းဟာ နည်းပြသစ်လက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာမလားစောင့်ကြည့်ရမှာပါ။ ရှော့လ်ကေးအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလဲ ခက်ခဲနေမှာပါ။ ဒါကြောင့် ဒီပွဲမှာအိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ လေဗာကူဆင်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လေဗာကူဆင် ၂ – ၁ ရှော့လ်ကေး**

**ဘိုချမ် Vs ဖရန့်ဖတ်**

**ကစားမည့်ရက်/အချိန် ၈-၁၀-၂၀၂၂ (ည ၀၈:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရန့်ဖတ် ၂ – ၁ ဘိုချမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုချမ် | – | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဖရန့်ဖတ် | – | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(သရေ) |

ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဘိုချမ်အသင်းရဲ့ခြေစွမ်းပိုင်းက ဆိုးရွားနေလို့ ဖရန့်ဖတ်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ လက်ရှိ ဖရန့်ဖတ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုအပြည့်ရှိနေလို့ ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးလာမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဖရန့်ဖတ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဘိုချမ် ၁ – ၃ ဖရန့်ဖတ်**

# တောင်အာရှ၏ အစိမ်းရောင်ပါတီများ ဘယ်ရောက်နေသလဲ

မောင်စိန်အိ(နဘဲမြေ)




၂၀၁၄ ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံ၏အတိုက်အခံခေါင်းဆောင်ဖြစ်သည့် အင်မရာခန်းက နိုင်ငံအနောက်မြောက်ပိုင်းရှိ ခိုင်ဘာပတ်ထွန်ခွာ ပြည်နယ်တွင် ဆူနာမီအန္တရာယ်ကာကွယ်ရေးအတွက် သစ်ပင်သန်း ၁၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ ထုတ်ပြန်ကြေညာခဲ့မှုအပေါ် ဝေဖန်မှုများ ထွက်ပေါ်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်နိုင်ခဲ့သောကြောင့် ပြည်တွင်းနှင့် နိုင်ငံတကာလေ့လာသုံးသပ်သူများက ချီးမွမ်းခန်းဖွင့်ခဲ့ကြသည်။

ထိုစီမံကိန်းအောင်မြင်ခဲ့သောကြောင့် အင်မရာခန်းသည် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ သစ်ပင်သန်း ၁၀၀၀၀ စိုက်ပျိုးရန် စတင်ဆောင်ရွက်ခဲ့သည်။ သို့သော် ထိုအချိန်တွင် တုံ့ပြန်မှုများ ပိုမိုရှုပ်ထွေးလာခဲ့သည်။ ပါကစ္စတန်လူမှုအသိုက်အဝန်းများ၊ အထူးသဖြင့် အတိုက်အခံ နိုင်ငံရေးသမားများက အင်မရာခန်းကို ဦးစားပေးလုပ်ငန်းတာဝန်များ မှားယွင်းနေကြောင်း လှောင်ပြောင်ပြောဆိုခဲ့ပြီး "သစ်ပင်နိုင်ငံရေး" ကို စွဲလမ်းနေခြင်းသည် နိုင်ငံခြားကြွေးမြီများ၊ ဆင်းရဲမှုနှင့် ငွေကြေးဖောင်းပွမှုများ စသည့်စစ်မှန်သော ပြဿနာများကိုဖြေရှင်းရန် ရှောင်လွှဲနေခြင်းပင်ဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့ကြသည်။

အင်မရာခန်းသည် ၂၀၂၀ ပြည့်နှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပါကစ္စတန်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားစဉ် ၎င်း၏ "သစ်ပင်နိုင်ငံရေး" ကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။ ၎င်းသည် သစ်ပင်စိုက်ပျိုးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောကြောင့် ကြွေးမြီလျှော့ချရေးဆိုင်ရာ ယန္တရားတစ်ရပ်ထူထောင်သွားရေးအတွက်လည်း တောင်းဆိုသွားခဲ့သည်။ ထိုအချိန်ကလည်း ပြည်တွင်း၊ ပြည်ပက ဝေဖန်မှုများ မြင့်တက်လာခဲ့သည်။

သို့သော် ယခုနှစ် ဩဂုတ်လတွင် ပါကစ္စတန်နိုင်ငံသည် သမိုင်းတစ်လျှောက်အဆိုးရွားဆုံး ရေကြီးရေလျှံမှုအန္တရာယ်ကိုရင်ဆိုင်ခဲ့ရသည်။ အမျိုးသားအရေးပေါ်အခြေအနေကြေညာခဲ့ရသည့်အပြင် ပြည်သူဦးရေ ၁၅၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး ပြည်သူဦးရေ သန်း ၃၀ ကျော်မှာလည်း ရေဘေးအန္တရာယ်ကြုံတွေ့ခံစားခဲ့ရသည်။ တိုင်းပြည်ဧရိယာ၏ သုံးပုံတစ်ပုံခန့်သည် ရေအောက်နစ်မြုပ်သွားခဲ့ပြီး ကနဦးတွက်ချက်မှုများအရ အိုးအိမ်နှင့်အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်မည်ဟု ခန့်မှန်းတွက်ချက်ထားရှိသည်။ ပါကစ္စတန်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားနေစဉ်တွင်ပင် အမေရိကန်၌ တောမီးများလောင်ကျွမ်းခဲ့ပြီး ယခုနှစ်အတွင်း ဥရောပနိုင်ငံများတွင် မကြုံစဖူး အပူချိန်မြင့်တက်ခဲ့သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်ကြောင်း ကြိုတင်သတိပေးနေပြီဖြစ်သည်။

ယခုနှစ် အစောပိုင်းကလည်း အန်တိုနီအယ်ဘန်နီစ်သည် လက်ဝဲယိမ်းလေဘာပါတီကို ဦးဆောင်ကာ ဩစတြေးလျရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည်။ ၎င်းသည် ရွေးကောက်ပွဲပြီးနောက် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ ဩစတြေးလျနိုင်ငံ၏ အစိမ်းရောင်ညွန့်ပေါင်းပါတီသည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို ၎င်းတို့ပါတီ၏ အဓိကရှေ့လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ထားရှိ၍ ရွေးကောက်ပွဲဝင်ခဲ့ရာ လက်ရှိအချိန်တွင် ဩစတြေးလျအမျိုးသားလွှတ်တော်တွင် အရေးပါသော တာဝန်များထမ်းဆောင်နေပြီဖြစ်သည်။

ဩစတြေးလျအသံလွှင့်ဌာန၏စစ်တမ်းများအရ ရာသီဥတုပြောင်းလဲမှုသည် ရွေးကောက်ပွဲတွင် အရေးပါဆုံးပြဿနာတစ်ခုဖြစ်ခဲ့ပြီး ၂၉ ရာခိုင်နှုန်းခန့်သောမဲဆန္ဒရှင်များသည် ၎င်းကိစ္စကို ထောက်ခံခဲ့ကြသည်။ ရာသီဥတုပြောင်းလဲမှုသည် ယခုတစ်ကြိမ်တည်းမဟုတ်ပေ။ ဩစတြေးလျနိုင်ငံ၏ ယခင် ရွေးကောက်ပွဲများတွင်လည်း အစိမ်းရောင်ပါတီကအနိုင်ရရှိခဲ့သည်။ အစိမ်းရောင်ပါတီများသည် မူလက ဥရောပနိုင်ငံများတွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းပါတီအဖွဲ့ဝင်များသည် ဖင်လန်၊ ဂျာမနီ၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်နှင့် အိုင်ယာလန်နိုင်ငံတို့တွင် အရေးပါသောရုံးဌာနများကိုလွှမ်းမိုးချုပ်ကိုင်ထားရှိကြသည်။ လတ်ဗီးယားနိုင်ငံ၌ပင်လျှင် ဝန်ကြီးချုပ်သည် အစိမ်းရောင်ပါတီမှဖြစ်သည်။

မကြာသေးမီကပြုလုပ်ခဲ့သောရွေးကောက်ပွဲများကို နှိုင်းယှဉ်ကြည့်ရာ ဩစတြေးလျနိုင်ငံ၌ ရွေးကောက်ပွဲမဲဆွယ်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိုးရိမ်ပူပန်မှုများရှိခဲ့သော်လည်း တောင်အာရှဒေသရှိနိုင်ငံများတွင်မူ ရာသီဥတုပြောင်းလဲမှုပြဿနာထက် လူဦးရေထူထပ်လာမှုနှင့် ဆင်းရဲမှုအန္တရာယ်များက ပိုမိုနေရာယူလာခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော ယခင်ရွေးကောက်ပွဲ၌ အမျိုးသားနိုင်ငံရေးပါတီကြီး သုံးခုအနက် ပါတီနှစ်ခုဖြစ်သည့် အိန္ဒိယကွန်ဂရက်နှင့် ကွန်မြူနစ်ပါတီတို့သည် ၎င်းတို့ပါတီမူဝါဒကြေညာစာတမ်းများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လက်တွေ့ကျသော ကတိကဝတ်များနှင့်အစီအမံများမပါရှိဘဲ မရှင်းမလင်းသာ ဖော်ပြခဲ့ကြသည်။ လက်ရှိအာဏာရ BJP ပါတီအနေဖြင့်လည်း ၎င်း၏မူဝါဒကြေညာစာတမ်းတွင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်လျှော့ချရေးလုပ်ငန်းစဉ်ကို ဖော်ပြထားခြင်းမရှိပေ။

တောင်အာရှဒေသတွင် အဓိကနိုင်ငံရေးပါတီကြီးများသည် ရာသီဥတုပြောင်းလဲမှုဖြေရှင်းရန် ပျက်ကွက်နေခြင်းသည် လတ်တလောကြုံတွေ့နေရသည့် ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနေရသောကြောင့်လည်း ဖြစ်တန်ရာဖွယ်ရှိနေသည်။ သို့သော် ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲမှုပြဿနာများ အလားတူကြုံတွေ့နေရသော်လည်း ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၊ အထူးသဖြင့် လက်တင်အမေရိကနိုင်ငံများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို အလေးထားကိုင်တွယ်ဖြေရှင်းလျက်ရှိကြသည်။ မက္ကဆီကိုမှ ဂေဟဗေဒဆိုင်ရာအစိမ်းရောင်ပါတီနှင့် ကိုလံဘီယာနိုင်ငံရှိ အစိမ်းရောင်မဟာမိတ်ပါတီများသည် ၎င်းတို့နိုင်ငံအသီးသီး၌ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာတို့တွင် အရေးပါသော တာဝန်များ ထမ်းဆောင်လျက်ရှိကြသည်။

ဆိုရလျှင် ကမ္ဘာတစ်ဝန်းရှိအစိမ်းရောင်ပါတီများသည် အစိုးရအသီးသီးကို ရာသီဥတုဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆောင်ရွက်ရန် လူစုလူဝေးဖြင့် ဆန္ဒထုတ်ဖော်ဖိအားပေးလျက်ရှိကြသည်။ အချိန်ကာလကြာလာသည်နှင့်အမျှ အဆိုပါအဖွဲ့များသည် နိုင်ငံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ မြင့်တက်လာသောကြောင့် အဓိကကျသောနိုင်ငံရေးနယ်ပယ်အတွင်းသို့ ဝင်ရောက်ဆောင်ရွက်လာကြသည်။ သို့သော်တောင်အာရှဒေသတွင် နိုင်ငံရေးပါတီများသည် ၎င်းတို့၏ ပင်မနိုင်ငံရေးလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိုးရိမ်ပူပန်မှုများ ကင်းမဲ့နေသည်မှာ အထင်အရှားပင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် ဆန္ဒထုတ်ဖော်မှုနှင့် စည်းရုံးလှုပ်ရှားမှုများရှိနေလင့်ကစား ၎င်းလှုပ်ရှားမှုများမှတစ်ဆင့် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းသွားရဦးမည်ဖြစ်သည်။

အမှန်တော့ တောင်အာရှဒေသတွင် နိုင်ငံရေးဆိုင်ရာ ရှုပ်ထွေးမှုများရှိနေသောကြောင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်လျှော့ချရေးပြဿနာကို ရှေ့တန်းတင်သည့် နိုင်ငံရေးသမားတစ်ဦးအနေဖြင့် ရွေးကောက်ပွဲအနိုင်ရရှိရန် ခက်ခဲနေမည်ဖြစ်သည်။ အပြောင်းအလဲတစ်ရပ်အရ တည်ရှိပြီး နိုင်ငံရေးပါတီများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာပြဿနာကို ၎င်းတို့၏ နိုင်ငံရေးမူဝါဒ၌ အဓိကအချက်အဖြစ် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပင်ဖြစ်သည်။

ဆိုရလျှင် တောင်အာရှဒေသရှိ ရွေးကောက်ပွဲဆိုင်ရာနိုင်ငံရေးလုပ်ငန်းစဉ်သည် အစိမ်းရောင်လမ်းစဉ် သို့တည်းမဟုတ် အခြားနည်းလမ်းတစ်ခုခုကို ပြောင်းလဲဖော်ဆောင်ရန် လိုအပ်လာပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုသည် တစ်ကမ္ဘာလုံးတွင်ဖြစ်ပေါ်နေသော်လည်း တောင်အာရှဒေသတွင် ပိုမိုဖြစ်ပေါ်ခြိမ်းခြောက်နေပြီဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုအန္တရာယ်ကျရောက်မှုအညွှန်းကိန်းအရ အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသည့် ထိပ်တန်း ၁၀ နိုင်ငံစာရင်းတွင် ပါဝင်ခဲ့သည်။ အလားတူ ပါကစ္စတန်၊ နီပေါ၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အနေဖြင့်လည်း လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော ထိပ်တန်း ၁၀ နိုင်ငံစာရင်းတွင် ပါဝင်လျက်ရှိသည်။

တူညီသောအချက်တစ်ခုမှာ ကမ္ဘာ့တစ်ဝန်းရှိ အစိမ်းရောင်ပါတီအားလုံးနီးပါးသည် ကြောက်မက်ဖွယ်ကောင်းသည့် သဘာဝဘေးအန္တရာယ်များကြုံတွေ့ရပြီးနောက်ပိုင်းမှသာ ပေါ်ထွက်လာကြခြင်းဖြစ်သည်။ ထို့ကြောင့် ပါကစ္စတန်တွင် ရေဘေးအန္တရာယ်ကြုံတွေ့ရပြီးနောက်ပိုင်း ရာသီဥတုပြောင်းလဲမှုအရေးကို တောင်အာရှဒေသရှိ ရွေးကောက်ပွဲဆိုင်ရာနိုင်ငံရေးတွင် အဓိကကျသောမူဝါဒတစ်ရပ်အဖြစ် ပြောင်းလဲဖော်ဆောင်လာမည်ဆိုလျှင် ကောင်းမွန်သောချဉ်းကပ်မှုပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ပြည်သူများ၏ အသိပညာဗဟုသုတကြွယ်ဝမှု၊ သတိဝီရိယရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုများသည်သာလျှင် အနာဂတ်တွင် ကြီးမားသောသဘာဝဘေးအန္တရာယ်များမှ ရှောင်ရှားနိုင်မည့်တစ်ခုတည်းသောနည်းလမ်းပင်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**❖ တောင်အာရှဒေသတွင် အဓိကနိုင်ငံရေးပါတီကြီးများသည် ရာသီဥတုပြောင်းလဲမှုဖြေရှင်းရန် ပျက်ကွက်နေခြင်းသည် လတ်တလောကြုံတွေ့နေရသည့် ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနေရသောကြောင့်လည်း ဖြစ်တန်ရာဖွယ်ရှိနေသည်။ သို့သော် ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲမှုပြဿနာများ အလားတူကြုံတွေ့နေရသော်လည်း ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၊ အထူးသဖြင့် လက်တင်အမေရိကနိုင်ငံများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို အလေးထားကိုင်တွယ်ဖြေရှင်းလျက်ရှိကြသည်။ ❖**

**ကိုးကား**

Where are South Asia's Green Parties?by the Diplomat.

# သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမီဆုတောင်းပြည့် ဆံတော်ရှင်ရေလယ်ဘုရား ပုဒ္ဓပူဇနီယပွဲတော်အား အောက်တိုဘာ ၈ ရက်မှ ၁၃ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်



**သံဖြူဇရပ် အောက်တိုဘာ ၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမီဆုတောင်းပြည့် ဆံတော်ရှင်ရေလယ်ဘုရား ပုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာ ၈ ရက်မှ ၁၃ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ အဖွဲ့ဝင် ဦးအောင်ကိုက ပြောပြ၍ သိရသည်။

လာမည့် အောက်တိုဘာ ၈ ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်)မှ အောက်တိုဘာ ၁၃ ရက် (သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)ထိ ကျင်းပပြုလုပ်သွားမည့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ရှိ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရား ပုဒ္ဓပူဇနီယပွဲတော်တွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့နံနက် အစောပိုင်းတွင် ဆွမ်းအိုးမှောက်ပွဲကိုလည်း အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျိုက္ခမီဆုတောင်းပြည့် ရေလယ် ဆံတော်ရှင်ဘုရားပွဲတော် အကြိုဖြင့်ပွဲအနေနဲ့ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၃ ရက်ကနေ အောက်တိုဘာ ၇ ရက်ထိ ရွတ်ဖတ်ပူဇော်သွားမှာဖြစ်ပါတယ်။ အောက်တိုဘာ ၉ ရက် မနက်ပိုင်းမှာ အဘိဓမ္မာအခါတော်နေ့ကို ကျင်းပပြုလုပ်သွားမှာဖြစ်သလို ဆွမ်းအိုးမှောက်ပွဲလဲ ကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု ဦးအောင်ကိုက ပြောပြသည်။

သီတင်းကျွတ်လပြည့်နေ့နံနက်ပိုင်းတွင် ကျင်းပမည့် ဆွမ်းအိုးမှောက်ပွဲသို့ လာရောက်ကြမည့် ရပ်နီး ရပ်ဝေးမှ ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆွမ်းအိုးမှောက်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရပ်ဝေးမှ ဘုရားဖူးများအတွက်လည်း တည်းခိုနေထိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ASH

# ကမ္ဘာ့ဝင်ငွေအများဆုံးဇာတ်ကားအဖြစ် Avatar ဇာတ်ကား ရပ်တည်နေ

**နယူးယောက် အောက်တိုဘာ ၆**

ရုပ်ရှင်ဈေးကွက် ၄၀ ကျော်တို့၌ သီတင်းနှစ်ပတ်ကြာ ပြန်လည်ရုံတင်ပြသခဲ့ပြီးနောက် Avatar ဇာတ်ကားသည် သမိုင်းတစ်လျှောက် ကမ္ဘာတစ်ဝန်း ဝင်ငွေအမြင့်မားဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ရပ်တည်နေကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၅ ရက်တွင်ရေးသားတင်ပြထားသည်။

သီတင်းနှစ်ပတ်ကြာ ထပ်မံရုံတင်ပြသပြီးနောက် Avatar ဇာတ်ကား၏ ကမ္ဘာတစ်ဝန်း ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံကို ကျော်လွန်ခဲ့သည်။

အဆိုပါဇာတ်ကားသည် ကမ္ဘာ့သမိုင်းတစ်လျှောက်၌ ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံကျော်လွန်ခဲ့သော ပထမဆုံး ရုပ်ရှင်ဇာတ်ကားလည်း ဖြစ်ကြောင်း သိရသည်။

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် ဒုတိယမြောက် Avatar ဇာတ်ကားဖြစ်သည့် Avatar: The Way of Water ဇာတ်ကားကို ရုံမတင်မီ Avatar ဇာတ်ကားကို ပြန်လည်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

Avatar: The Way of Water ဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

KKO



# သံတွဲမြို့နယ် ငပလီကမ်းခြေတွင် ငပလီဆောင်းဦးပွဲတော် ကျင်းပမည်

**ဇော်တွေ အောက်တိုဘာ ၆**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေတွင် ငပလီဆောင်းဦးပွဲတော်ကို နိုဝင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး လက်ရှိတွင် ကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေနေထိုင်နိုင်ရေးနှင့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာအားလုံးကိုဗစ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရခိုင်ပြည်နယ်) ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောပြ၍ သိရသည်။

ငပလီ ဆောင်းဦးပွဲတော် ကျင်းပရန်စီစဉ်နေခြင်းမှာ ငပလီကမ်းခြေသို့ ခရီးသွားများ ပိုမိုလာရောက် လည်ပတ်စေရန်အတွက် ဖြစ်ပြီး ၂၀၂၁ ခုနှစ်က ငပလီ ဆောင်းဦးပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကျင်းပခဲ့ကြောင်း သိရသည်။



"ငပလီ ဆောင်းဦးပွဲတော်ကို လာမဲ့ နိုဝင်ဘာလထဲမှာ ကျင်းပသွားဖို့ရှိပါတယ်။ နှစ်စဉ် ကျင်းပနေကျပွဲတော်ဖြစ်ပါတယ်။ အရင်နှစ်ကပုံစံအတိုင်းပဲ ပွဲတော်ကာလ တစ်လျှောက်မှာ သဲပုံစေတီပွဲတော်၊ ဈေးရောင်းပွဲတော်တွေ ထည့်သွင်းကျင်းပသွားဖို့ ရှိပါတယ်။ ပျော်ပွဲရွှင်ပွဲတွေအနေနဲ့ ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊စက်ဘီးစီးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ချောတိုင်တက်ပွဲတွေပါဝင်ပါမယ်"ဟု ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောပြသည်။

ASH

# The Nun-2 ဇာတ်ကား၌ မင်းသမီး ဖာဂါမီ ပြန်လည်ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၆**

The Nun-2 ဇာတ်ကားတွင် မူလ The Nun ဇာတ်ကားမှ မင်းသမီး တာအစ်ဆာဖာမီဂါ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၅ ရက်တွင် ရေးသားတင်ပြထားသည်။

မူလ The Nun ဇာတ်ကားသည် တာလက်အမည်ရှိ မိစ္ဆာသီလရှင်တစ်ဦး၏ ခြောက်လှန့်မှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား နောက်ဆက်တွဲ The Nun-2 ၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

The Nun-2 ဇာတ်ကားတွင် မင်းသမီး တာအစ်ဆာဖာမီဂါသည် မင်းသမီး ဘွန်နီအေရွန်း၊ စတောမ်ရီ၊ မင်းသား ဂျိုးနပ်ဘလိုကေးတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ချာဗက်က တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်သည်။

The Nun-2 ဇာတ်ကားကို ယခုလအတွင်း စတင်ရိုက်ကူး၍ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO




# နေပြည်တော် ကြောင်ရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြောင်ရေကျေးရွာတွင် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသည့် တောင်သူများလိုအပ်လျက်ရှိသော စိုက်ပျိုးစရိတ်၊ မျိုးစေ့နှင့် သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် အတိုးနှုန်းသက်သာစွာ ချေးငွေများပံ့ပိုးပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ)အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးဇင်မင်းထက်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ကော်မတီဝင်များက ကြောင်ရေကျေးရွာတွင် ပထမအကြိမ်အဖြစ် နေကြာစိုက်ပျိုးမည့် တောင်သူ ၂၇ ဦး၊ မြေပဲစိုက်ပျိုးမည့် တောင်သူဦးရေ ၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

မောင်ခိုင်

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses opening ceremony of Myanmar Rice Conference – 2022






Senior General Min Aung Hlaing addresses the opening ceremony of Myanmar Rice Conference – 2022.

**Nay Pyi Taw October 6**

The opening ceremony of Myanmar Rice Conference – 2022 was held at the Myanmar International Convention Centre -2 here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing. The conference was held under the theme **"Rising with Rice"** to discuss and realize the task of growing, producing, milling, storing and trading paddy throughout the value chain in line with the national export strategy, modification programs, and work programs of the government and private sector after assessing the procedures required for rice sector development, difficulties and the future direction of the rice sector.

Also present were SAC members, the SAC joint secretary, Union ministers, Union level officials, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, economic ministers of regions and states, chairpersons, vice-chairs and officials of Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), Myanmar Rice Federation, Myanmar Rice Traders Association, Myanmar Rice Growers and Producers Association, private banks and Myanmar Rice Millers Association, local and foreign agricultural experts, permanent secretaries, directors general and officials.

In his opening address, the Senior General said rice cultivation and production is an age-old traditional family business in Myanmar. The rice sector has experienced many changes and development alongside the different systems and eras. As rice is the staple food, it is the most important crop for socio-economic development.

SAC is prioritizing the export promotion activities for national economic growth. In its export promotion programs to further boost products that are globally marketable and suitable with the country's weather and geographical conditions, rice sector promotion program that promises a Quick Win within a short period is also included.

SAC is also implementing the objective – **To enhance production based on agriculture and livestock through modern techniques and strengthen all-round development in other sectors of the economy** – of the nine objectives.

As Myanmar has land, water and human resources for agriculture and livestock, systematic efforts will reduce poverty and boost national economic growth. Global food security is facing challenges due to climate change and political instability. Every country is adopting various policies for food security. This global trend produces good opportunities for Myanmar that is producing agro-based food items. Myanmar should grab those opportunities for promoting the rice sector's role in national economic progress. The task of extending the sown acreage of quality and high-yield rice for export should be prioritized.

Rice and rice-based productions are included in the prioritized goods of **national export strategy** for export promotion. The goal of rice export promotion strategy is **"Production and export of high-quality rice that is environmental friendly and ensures sustainable development for rural development and income generation."**

The Senior General welcomed the efforts of the Ministry of Commerce and the Myanmar Rice Federation in jointly organizing the Myanmar Rice Conference under the theme of **Rising with Rice** on 6 and 7 October 2022 with the aim of increasing the export volume of rice and developing the State economy in accord with the strategic vision.

The Senior General urged all participants of the conference to review appropriate action lines, difficulties and future prospect of the rice sector and discuss process in the chain of value for rice cultivation, production, milling, storage and sale in accord with the national export strategy, reform processes and future plans of the government and the private sectors. As the conference will be held under the public-private dialogue type, stakeholders in the rice and paddy arena of Myanmar need to adopt the same objectives for development of rice and paddy sector.

Today, the government is implementing two national visions for prosperity of the nation and sufficiency of food. Some 70 per cent of the population are engaged in agriculture, and the country is striving for development of the State economy based on agriculture and livestock farms. Hence, the government prioritizes the food sufficiency, nutrition and food safety for all citizens. Paddy is a main staple crop cultivated on 34 per cent of total sown acreage.

Rice was grown on 17 million acres of land in the 2020-21 financial year, 15 million acres of monsoon paddy and 2.4 million acres of summer paddy, totalling 17.4 million in 2021-22 FY. Efforts should be made for production of 100 baskets of paddy per acre. As citizens consume 155 grammes each of rice per year (some 97 Pyis), current paddy production is more sulplus than current consumption of the nation. if paddy can be grown as double and tripple croppings, surplus can be exported. Hence, the paddy after paddy, paddy-bean-paddy, paddy-sunflower-paddy cropping should be implemented on the land of paddy rather than the expansion of sown acreage. Only when products can be produced will sale products will come out.

In growing paddy, everybody knows the importance of selecting quality paddy strains. More than 90 strains of paddy are grown in Myanmar, and some 50 strains of paddy are gfavorite at the domestic market and more than 20 strains for the foreign market purpose. Farmers need to choose the paddy strains with resilience of flooding, pests, climatic conditions and marketable quality ones. Local farmers need to change their mindsets to use quality strains of paddy seeds rather than quality paddy saplings. In doing so, it is necessary to enhance the role of seed production companies.



Senior General Min Aung Hlaing checks an item of an exhibit.

*See Page 13*


Senior General Min Aung Hlaing hears report at an exhibit.


Senior General Min Aung Hlaing inspects a display.

*From Page 12*

Growers need to consider the use of mixtures for fertilizers, natural fertilziers and bio-fertilizers in addition to use of quality strains, and practices of ways to jointly operate agriculture and livestock farms.

In the coming summer paddy season, the State will disburse K200,000 per acre of summer paddy at a special rate for implementing the contract farming on 0.85 million acre of farmland, totaling K140 billion which should be spent on quality paddy strains and fertilizer. All stakeholders need to systematically cooperate with each other in cultivation.

In cultivating paddy, it is important to grow high quality paddy and to produce fine grains of rice that meets standards in milling. As the international rice market falls into two categories such as the price market and quality market, Myanmar had to mainly export low-price and poor-quality rice due to outdated milling techniques in the past but the country has begun to export higher quality rice recently.

Issues related to the quality of rice such as high contents of red rice, mixed varieties, multiple-varieties, low attractiveness due small grain-size, discoloration and poor quality have enormous impacts on the market. If those who involve in cultivation and milling cooperate with each other to reform what should be changed, market shares of Myanmar rice will significantly improve.

Therefore, while it is the responsibility of the union government to lay down policies and processes under its leadership, state and regional governments are required to place a special emphasis on investment growth in the milling sector.

Before regaining independence, Myanmar stood as a world-leading rice exporter. In the 1930s, Myanmar exported 3.5 million tons of rice and became the biggest rice exporting country. Export volume of rice fell gradually later. Export volumes of rice have increased since the 2001-2002 fiscal year and in the 2017-2018 fiscal year, the country was able to export 3.6 million tons to 64 countries.

During the six-month period of the 2022-2023 fiscal year, Myanmar exported 860,000 tons of rice including 500,000 tons of rice and 360,000 tons of broken rice to 38 countries and could export more than 200,000 tons of rice compared to the similar period last year.

Quality of rice is important in exporting rice and it was found that parboiled rice exported to some countries fetched as much as from US$ 460 to US$ 505 per ton. As rice exports during the six-month period of the current fiscal year comprised 5 percent of parboiled rice, 42 percent of broken rice and 53 percent of ordinary rice, participants are required to discuss boosting rice production and higher quality of rice while export potentials are enormous at the conference.

In the past, rice from Myanmar was mainly exported to Africa and European countries but the market has shifted to and expanded in Asia recently. Therefore, efforts must be exerted to find new markets while maintaining existing ones. The Myanmar Rice Federation and partner organizations and relevant departments are required to reclaim the Africa and South Asia markets, which have dropped from the list of importers of Myanmar rice.

As an effort to boost rice exports, measures are being taken to export 200,000 tons of rice to Bangladesh for the third time and to export high quality rice to Africa as well as the People's Republic of China.

Therefore, all participants are urged to place emphasis on domestic rice sufficiency and exports rice and systematic exports of surplus rice without losing sight of the international rice market. As boosting the yields and exports of quality rice can increase earnings, I would like to urge all to exert efforts.

Measures should also be taken systematically to manufacture value-added products from by-products and wastes from the rice industry. This can be carried out by strategically thinking not only about boosting exports but also about substitution of imports. If bran, which is currently used for production of animal feeds, can be used as a raw material for production of import-substitute bran oil, which contributes to health, it can help fulfil domestic consumption and reduce imports. Therefore, all stakeholders including the private sector, the government and organizations are required to discuss building and running bran oil mills from their respective sectors.

Around 80% of annual rice production is used for the consumption of the entire people including farmers and the making of food and snacks. Just about 20% is exported. Therefore, cooperation is necessary among the government, the private sector and farmers to ensure domestic need and stabilize the rime market. Farmers need to get prices that can cover the costs for their agricultural inputs. Meanwhile, tripartite, harmonious cooperation is necessary among relevant ministries, region and state governments and all rice paddy-related organizations to make sure the public can buy at fair prices and there are constant exports.

The Senior General than called for the development of the rice industry by making efforts to promptly adopt crops insurance for protecting farmers against climatic conditions and natural disasters in the pre-harvest period, choose to grow paddy strains suitable for regional soils and climate and marketable in fewer number but in large volume, select strains enough for domestic consumption and exports, establish respective regional zones for paddy growing, adopt contract farming system for high per-acre yield and boosting production, and to systematically produce paddy in value chain by establishing paddy-based companies. He also stressed the need for boosting manufacturing of driers for quality control in the post-harvest sector, ensuring more rice mills capable for milling high-value rice, production of quality rice for exports, the need to lengthily discuss use of digital technology in the rice industry and adoption of future work programmes.

He said today's meeting was attended by sector-wise rice experts, those from the private sector in various fields, officials from paddy-related ministries and outside paddy experts. So it is hoped that effective discussions could be made for production of quality rice and mass production for export purposes. So all are urged to give suggestions about implementation of short- and long-term projects for Myanmar's rice sector development.

Myanmar was previously recognized as the largest rice exporter in the world. Now, growers, those engaging in storage and milling businesses, merchants, exporter companies, dealers, the Union of Myanmar Federation of Chambers of Commerce and Industry, Myanmar Rice Federation, rice-related associations and related ministries to cooperate in the effort to restore status quo and the State will render necessary assistance.

Then, Union Ministers U Aung Naing Oo, U Tin Htut Oo and U Hla Moe explained the purposes of holding the event.

U Ye Min Aung, president of Myanmar Rice Federation discussed the theme **"Rising with Rice"**.

Upon the reports, the Senior General gave a wide-range instruction on the need to have seeds, land, water and technology in carrying out agricultural tasks, the need to make efforts in private sector while the Government is taking measures for acquiring quality seeds, the need to take tasks for systematic maintenance work of agricultural equipment to be able to use them in agricultural tasks, the need for farmers to use natural fertilizer such as bio-fertilizer made from livestock farming when the Government is endeavoring for acquiring adequate chemical fertilizer, the need to implement tasks of pumping river water for adequate cultivation water, and the need to carry out the tasks to produce quality rice and promote marketing and maintain markets at home and abroad for it and spoke of the support and encouragement by the State to ensure progress in rice production.

Afterwards, the Senior General and the people who attended the meeting had a record group photo taken.

Later, the Senior General took a tour of exhibits of rice, paddy fertilizer on display at the conference.

The Myanmar Rice Conference-2022 is taking place from October 6 to 7. During the conference, talks on development of paddy cultivation and rice production, enhancement in purchasing, storing, milling, value-adding paddy, trade of rice and promotion of export sector will be held. 100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက တစ်စိတ်တစ်ပိုင်းစစ်စည်းရုံးစုဆောင်းရေးအင်အားနှင့်အစီအစဉ်များ ထုတ်ဖော်ပြောကြားခဲ့



ရုရှားနိုင်ငံ၏ တစ်စိတ်တစ်ပိုင်း စစ်စည်းရုံးစုဆောင်းရေးအင်အားနှင့် အစီအစဉ်များသည် သုံးပုံနှစ်ပုံကျော် ပြီးမြောက်နေပြီဟုရုရှားကာကွယ်ရေးဝန်ကြီး Sergei Shoigu က အောက်တိုဘာ ၄ ရက်က ကွန်ဖရင့်တစ်ခုတွင် ပြောကြားခဲ့သည်။

ယူကရိန်းတွင်ဖြစ်ပွားနေသော ပဋိပက္ခများကြား စစ်ဘက်အားကောင်းစေရန် သမ္မတ ဗလာဒီမာပူတင်က တောင်းဆိုခဲ့ပြီး နှစ်ပတ်ခန့်အကြာ ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ရုရှားစစ်ဘက်တွင် ယခုအချိန်ထိ စစ်သည်အင်အား ၂၀၀၀၀၀ ကျော်ကို စုဖွဲ့စာရင်းသွင်းထားပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး Sergei Shoigu က ပြောကြားခဲ့သည်။ ၎င်းတို့သည် ယခုအခါ လိုအပ်သော သင်တန်းများပြန်လည်တက်ရောက် လေ့ကျင့် သင်ကြားလျက်ရှိကြောင်း သိရသည်။

Sergei Shoigu က စုဆောင်းထားသော တပ်သားသစ်များကို လိုအပ်သည့် စစ်လက်နက်ပစ္စည်းကိရိယာများ ပေးအပ်ရန်နှင့် စစ်ဘက်ဆိုင်ရာ ရာထူး၊ အဆင့်များ သတ်မှတ်ပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း၊ တပ်မတော်ကော်မရှင်ရုံးများတွင် တပ်မတော်သို့ဝင်ရောက်ရန် ကြိုးပမ်းနေသည့် စေတနာ့ဝန်ထမ်း အများအပြားရောက်ရှိလာကြောင်း Sergei Shoigu က ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိသဖြင့် အယူခံဝင်မှုတစ်ခုစီတိုင်းကို ဂရုတစိုက်အကဲဖြတ်ရန်နှင့် အရေးကြီးသော ခိုင်လုံသည့်အကြောင်းပြချက်များ ရှိပါက မည်သူ့ကိုမျှ အတင်းအကျပ် စစ်စည်းရုံးစုဆောင်းခြင်းမပြုရန် အလွန်အရေးကြီးသည်ဟု ၎င်းကအလေးပေး ပြောကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်ပတ်အတွင်း စစ်မှုထမ်းရန် ဆင့်ခေါ်ခံရသူများကို ရုရှား၏ ယူကရိန်း အထူးစစ်ဆင်ရေးတွင် ပါဝင်ရန် သာ စေလွှတ်မည်ဖြစ်ပြီး လေ့ကျင့်ရေးကာလ ပြီးဆုံးပြီးနောက် မြေပြင်တွင်ရှိထားသည့် တပ်ရင်း၊ တပ်ဖွဲ့များနှင့်ပူးပေါင်းတိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

လေ့ကျင့်ရေးလုပ်ငန်းစဉ်များ အရှိန်မြှင့်ရန်အတွက် တိုက်ပွဲဝင်အတွေ့အကြုံရှိသော အရာရှိများ၏ လမ်းညွှန်မှုဖြင့် တပ်သားသစ်များလေ့ကျင့်ပေးရန် တပ်မှူးများကို ညွှန်ကြားထားသည်။

ထို့ပြင် စစ်ဘက်ဥပဒေမူကြမ်းအရ နိုဝင်ဘာလတွင် ဝင်ရောက်လာမည့် အင်အား ၁၂၀၀၀၀ ခန့်ကို စုဆောင်းထားပြီး အထူးစစ်ဆင်ရေးတွင် မပါဝင်သော တပ်များတွင် တာဝန်ထမ်းဆောင်ရလိမ့်မည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာထားသည်။ တစ်ချိန်တည်းမှာပင် ရုရှားစစ်ဘက်တွင် မဖြစ်မနေ စစ်မှုထမ်းမနေရဥပဒေအရ စစ်မှုထမ်းဆောင်ပြီးသူများလည်း မိမိတို့ အိမ်ပြန်ကြပါလိမ့်မည်ဟုလည်း Sergei Shoigu က ဆိုသည်။

စက်တင်ဘာ ၂၁ ရက်က ရုပ်မြင်သံကြားမိန့်ခွန်းတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖေဖော်ဝါရီလနှောင်းပိုင်းမှ စတင်ခဲ့သော ယူကရိန်းနှင့်စစ်ရေးပဋိပက္ခတွင်ပါဝင်ရန် အရန်တပ်သား ၃၀၀၀၀၀ ခန့်ကို စုဆောင်းဖွဲ့စည်းရေး တစ်စိတ်တစ်ပိုင်း စစ်စည်းရုံးခြင်းတစ်ရပ်ကိုကြေညာခဲ့သည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါလုပ်ဆောင်မှုသည် စစ်မှုထမ်းဖူးသူများနှင့် ယခင်တိုက်ပွဲအတွေ့အကြုံရှိသူများအပြင် ရှေ့တန်းတွင်လိုအပ်သော အထူးကျွမ်းကျင်ပညာရှင်များကို ဦးစားပေးထားကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**Russian partial mobilization numbers revealed ကို ဘာသာပြန်ဆိုပါသည်။**

## ဘင်္ဂလားဒေ့ရှ်ကြည်းတပ် လေကြောင်းအုပ်တွင် ဒုတိယမြောက် CASA-C 295W စစ်လေယာဉ် တပ်တော်ဝင်နိုင်ခဲ့

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်လေကြောင်းအုပ်တွင် စက်တင်ဘာ ၂၅ ရက်က အလွတ်သဘော အခမ်းအနားတစ်ခုဖြင့် ဒုတိယမြောက် CASA-C 295W အလတ်စား စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်ကို တပ်တော်ဝင်နိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး SM Shafiuddin Ahmed နှင့်အတူ စပိန်နိုင်ငံ သံအမတ်ကြီး Francisco de Asis Benitez Salas တို့ တက်ရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဌာနချုပ်များ၊ လေတပ်၊ နယ်ခြားစောင့်တပ် (BGB)၊ အကြမ်းဖက်နှိမ်နင်းရေးတပ် (RAB)တို့မှ အရာရှိကြီးများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

စပိန်နိုင်ငံ Airbus Military မှ ထုတ်လုပ်သော စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်သည် စပိန်နိုင်ငံမှဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းတွင် Tejgaon လေဆိပ်ဟောင်းသို့ ဆင်းသက်ခဲ့ပြီးနောက် စစ်လေယာဉ်ကို ရေပိုက်အမြောက်များ (Water Cannon Salute)ဖြင့် အလေးပြုကြိုဆိုခဲ့ကြသည်။

CASA-C295W အလတ်စား စစ်ဘက် သယ်ယူပို့ဆောင်ရေးလေယာဉ် ဒုတိယမြောက်တစ်စင်း ထပ်တိုးခြင်းသည် ဘင်္ဂလားဒေ့ရှ်တပ်မတော်၏ တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ၎င်းကို စစ်မြေပြင်တွင် လေကြောင်းချီတပ်ဖွဲ့များ လေထီးခုန်ဆင်းသက်ရန်၊ တပ်ဖွဲ့ဝင်များ တစ်နေရာမှတစ်နေရာသို့ လျင်မြန်စွာ ရွှေ့လျားတပ်ဖြန့်မှု၊ လေကြောင်း စောင့်ကြည့်မှု၊ ကုန်တင်ဆောင်မှု၊ အရေးပေါ် လူနာအများအပြားကို ပို့ဆောင်ခြင်းအပြင် အရေးကြီးပုဂ္ဂိုလ်(VIP)ပို့ဆောင်ခြင်းများအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါလေယာဉ်သည် နိုင်ငံအတွင်း သဘာဝဘေးဒဏ်သင့်ချိန်အတွင်း မရှိမဖြစ်လိုအပ်သော ကယ်ဆယ်ရေးနှင့် ဆေးဝါးပစ္စည်းများ ပို့ဆောင်ရာတွင်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေမည်ဖြစ်ကြောင်း သိရသည်။



**Second CASA-C295W military aircraft added to Bangladesh Army Aviation Group ကို ဘာသာပြန်ဆိုပါသည်။**

## ယူကရိန်းအတွက် အမေရိကန်ဒေါ်လာ ၆၂၅ သန်းတန်ဖိုးရှိ စစ်ဘက်ဆိုင်ရာအကူအညီပေးရေးအစီအစဉ်သစ် အမေရိကန်ကြေညာ

ယူကရိန်းနိုင်ငံအတွက် HIMARS အတွဲလိုက်ပစ်ဒုံးကျည်စနစ် လေးခုပါဝင်မည့် အမေရိကန်ဒေါ်လာ ၆၂၅ သန်းတန်ဖိုးရှိ စစ်ဘက်ဆိုင်ရာ အကူအညီပေးရေး အစီအစဉ်သစ်ကို အောက်တိုဘာ ၄ ရက်တွင် အမေရိကန်နိုင်ငံက ကြေညာခဲ့သည်ကို ကိုးကားပြီး Associated Press သတင်းဌာနက ဖော်ပြခဲ့သည်။



ပင်တဂွန်စစ်ဌာနချုပ်မှ ထောက်ပံ့ထားသော HIMARS အတွဲလိုက်ပစ်ဒုံးကျည်စနစ်အရေအတွက် ၂၀ ထိတိုးမြှင့်ရန်အတွက် ဇူလိုင်လမှစပြီး ပထမဆုံးအကြိမ်အဖြစ် ယူကရိန်းနိုင်ငံသို့ ၎င်း၏ဒုံးကျည်စနစ်များကို ဆက်တိုက်ပေးပို့နေခြင်းလည်းဖြစ်သည်။ ယူကရိန်းတပ်ဖွဲ့ဝင်များအတွက် လိုအပ်သော ခဲယမ်းမီးကျောက်များနှင့် ကိရိယာများကို အမေရိကန်က ပံ့ပိုးကူညီမှုအစီအစဉ်သစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းအတွက် စစ်ဘက်ဆိုင်ရာ အကူအညီပေးရေး အစီအစဉ်သစ်သည် အောက်တိုဘာ ၁ ရက်က အမေရိကန်တွင် စတင်ခဲ့သော လက်ရှိဘဏ္ဍာရေးနှစ်တွင် ပထမဆုံးဖြစ်လာမည်ဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

HIMARS အတွဲလိုက်ပစ် ဒုံးကျည်စနစ် ၁၈ ခုနှင့် Humvee သံချပ်ကာယာဉ် အစီး ၁၅၀ ပါဝင်သည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ စစ်ဘက်ဆိုင်ရာ အကူအညီပေးရေး အစီအစဉ်သစ်ကို အမေရိကန်က ခွဲဝေပေးထားကြောင်း ပင်တဂွန်က ပြီးခဲ့သည့်သီတင်းပတ်တွင် ကြေညာခဲ့သည်။ အကူအညီပေးရေးအစီအစဉ်သည် နှစ်အတော်ကြာ ပံ့ပိုးပေးနိုင်ရေးအတွက် ရည်ရွယ်ထားသည်ဟု ၎င်းကဆိုသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အောက်တိုဘာ ၄ ရက် ဖုန်းပြောဆိုမှုတွင် ယူကရိန်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၆၂၅ သန်းတန်ဖိုးရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ အကူအညီများအကြောင်း ယူကရိန်းသမ္မတ ဗလာဒီမာဇယ်လင်စကီးထံ အကြောင်းကြားခဲ့သည်ဟု အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်းကင်က မကြာသေးမီက ဆုံးဖြတ်ခဲ့သည့် အကူအညီပေးအပ်မှုအပါအဝင် ယူကရိန်းသို့ အမေရိကန်၏ စစ်ရေးအကူအညီ စုစုပေါင်းဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံကျော်ရှိလာလိမ့်မည်ဟု ပြောကြားခဲ့သည်။

**US to announce new $625 mln military aid package for Ukraine — reports ကို ဘာသာပြန်ဆိုပါသည်။**

မင်းမျိုး

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၁၀၆ ဧက စိုက်ပျိုးမည်



**ကျုံပျော် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၁၁၁၀၆ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျုံပျော်မြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာကို ၈၃၂၉ ဧကနှင့် သီးညှပ် ၂၇၇၇ ဧက စုစုပေါင်း ၁၁၁၀၆ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံနေကြာ ၁၁၁၀၆ ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံနေကြာ ၁၁၁၀၆ ဧက စိုက်ပျိုးသွားဖို့ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ဒေသခံတောင်သူတွေနဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအပြင် အခြားနီးနွယ်ဌာနတွေနဲ့လဲ ဆီထွက်သီးနှံနေကြာ ဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဖို့အတွက် တွေ့ဆုံဆွေးနွေးထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးဦးစီးဌာနကနေ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ပို့ချသင်ကြားပေးမှာဖြစ်ပါတယ်။ အခုလိုဆီထွက်သီးနှံတွေကို အားပေးတိုးချဲ့စိုက်ပျိုးတာဟာ နိုင်ငံတော်ရဲ့ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့အတွက်ဖြစ်ပါတယ်။ နေကြာတွေစိုက်ပြီးတဲ့အခါ ဖြစ်ထွန်းအောင်မြင်စေဖို့နဲ့ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံနေကြာများ အထွက်နှုန်းကောင်းစေရန်၊ အထွက်နှုန်းညီစေရန် မြေများပြုပြင်သည့်လုပ်ငန်းများကို ယခုအောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် မြေယာပြုပြင်ခြင်းလုပ်ငန်းများကို ကနဦးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် ဆီထွက်သီးနှံနေကြာ ၁၁၁၀၆ ဧကကို ကျေးရွာအုပ်စု ၉၂ စုမှ တောင်သူများက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# နောင်ချိုမြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**နောင်ချို အောက်တိုဘာ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၅ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျောက်မဲခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သက်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေကျပ် ၁၆၂ ဒသမ ၂၆၇ သန်းဖြင့် Global Silver ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဟိုခိုး-ကျောက်ကြီး ကျေးရွာအုပ်စု ချင်းဆက်လမ်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သက်က လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါဟိုခိုး-ကျောက်ကြီးကျေးရွာအုပ်စုချင်းဆက်လမ်းအရှည် ရှစ်မိုင်၊ အကျယ် ၁၄ ပေ အမြင့် ခြောက်လက်မ ကျောက်လမ်းခင်းခြင်းလုပ်ငန်း၊ လမ်းတစ်ဖက်လျှင် အကျယ် လေးပေစီ အမြင့် ၁၂ လက်မ ကျောက်ရောမြေလမ်းပခုံးခင်းခြင်းလုပ်ငန်း၊ လမ်းဘေးနှစ်ဖက် ရေမြောင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ကျေးလက်နေပြည်သူများ ရာသီမရွေး အဆင်ပြေစွာဖြင့် သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှုစစ်ဆေး

**ချောင်းဆုံ အောက်တိုဘာ ၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကွမ်ရိုက်ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကွမ်ရိုက်ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကွမ်ရိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းအရှည်ပေ ၉၃၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မ ခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ထန်းတစ်အောင်ကုမ္ပဏီက ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကွမ်ရိုက်ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**မြိုးလေး**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၆-၁၀-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၆၅၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၀၅၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧနွဲ့ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ထူးခြားရတနာ

ညီထွန်းလွင်



ရတနာလို့ပြောကြရင် ကျွန်တော်ရတနာတို့၏ အထွတ်အမြတ်ဆုံးအဖြစ် ခံယူသိရှိထားတဲ့ရတနာက "ဘုရားရတနာ"ပါ။ အဲဒီကနေ ဒုတိယအထွတ်အမြတ်ရတနာအဖြစ် "တရားရတနာ"၊ တတိယအထွတ်အမြတ်ရတနာကတော့ "သံဃာရတနာ" ပါပဲ။ ကျွန်တော်ဦးတည်ရေးသားလိုတာက "ထူးခြားရတနာ" ဆင်ရတနာဆိုတဲ့အထဲက "ဆင်ဖြူတော်ရတနာ" အကြောင်းပါ။

"ဆင်ဖြူတော်ရတနာ" နဲ့ပတ်သက်ပြီး ၂၃ - ၇ -၂၀၂၂ ရက်နေ့ မင်္ဂလာနံနက် ၀၆း၃၀ နာရီအချိန် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၄ ရက်၊ အင်္ဂါနေ့မှာပဲ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်း (သစ်တောဌာန)မှာ မိခင်ဆင်မကြီး "ဇာနန်းလှ" (၃၃)နှစ်မှ အရပ် ၂ ပေ ၅ လက်မ၊ လုံးပတ် ၃ ပေ ၁ လက်မ၊ အလေးချိန် ပေါင် ၁၈၀ ခန့်ရှိတဲ့ ဆင်ဖြူတော်အထီးလေးကို မွေးဖွားသန့်စင်ပေးလိုက်တဲ့ သတင်း ကြားသိရမှုပါပဲ။ ယခုဆိုလျှင် သုံးလသားအရွယ် ပေါင် ၂၅၀ ခန့်ရှိနေပါပြီ။

ဒါဟာ အင်မတန်လေးနက်ထူးခြားတဲ့ သတင်းကောင်းတစ်ခုပါ။ သာမန်အားဖြင့် ဆင်ဖြူတော်ရရှိလာဖို့ရာ သာမန်ဆင် ၁၀၀၀၀ မှုမှာ တစ်ကောင်မျှ ဖြစ်ခဲလှတယ်ဆိုတာ လေ့လာသိရှိရဖူးပါတယ်။ နောက် အထီးကလေး။ နိုင်ငံက "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ" မှာပါ။ "မြန်မာ - Myanmar" အသံထွက်ဝေါဟာရ မြန်မာ-အင်္ဂလိပ်လိုပါ။ ဒီနေရာမှာ ဘာထူးခြားလို့လဲမေးရင် ဆင်ဖြူတော်လေးဟာ "အင်္ဂါသား"၊ "အဖြူရောင်" ဖြစ်ပြီး ဗေဒင်ကိန်းခန်းအရ "ဦးသာ၊ စိန်ပန်း၊ ဒန်းလှကိုရှာ" မိတ်ဓာတ်၊ "မြန်မာ" ဆိုတဲ့ နိုင်ငံတော်ရဲ့ မဟာမိတ်ဓာတ်ကြီးလို့ ယူဆရင်လည်း **မြန်မာနိုင်ငံတော်ရဲ့ ထူးခြားလှတဲ့ "ထူးခြားရတနာ" မဟာအဆွေတော်ဆင်ဖြူတော်ရယ်လို့ တင်စားဖွဲ့ဆိုနိုင်**ပါတယ်။

ကျွန်တော် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" ရှိရာသို့ ဦးခိုက်ဖူးမြော်ရင်း ထူးခြားရတနာ "ဆင်ဖြူတော်များ" ထားရှိရာသို့ အရောက်သွားခဲ့ပါတယ်။ မကြာမီရောက်လာထားရှိမည့် "ဆင်ဖြူတော်ဆောင်" ကို ရောက်ခဲ့ပါတယ်။ စေတီတော်အရှေ့ဘက်မုခ် ကားလမ်းမကြီးခြားလျက် အရှေ့ဘက်ခြမ်းမှာ "ဆင်ဖြူတော်ခန်းမအဆောင်ကြီး" ကို ရောက်လာပါတယ်။ အဆောင်ကြီး တိုးချဲ့တည်ဆောက်ရန် တာဝန်ရှိကြသူအဆင့်ဆင့်မှ စီစဉ်နေကြောင်း သိရပါတယ်။ ဆင်ဖြူတော်တွေအကြောင်း လေ့လာရာမှာ အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါတယ် -

(၁) နန္ဒဝတီ (Nanda Waddy) ခန့်မှန်း ၁၉၉၂ ခုနှစ်ဖွား ၃၀ နှစ်၊ ဆင်ဖြူတော်အမ။

(၂) ဟေမဝတီ (Hayma Waddy) ခန့်မှန်း ၁၉၉၆ ခုနှစ်ဖွား ၂၆ နှစ်၊ ဆင်ဖြူတော်အမ။

(၃) ငွေဆဒ္ဒန် (Ngwe Saddan) ခန့်မှန်း ၂၀၀၇ ခုနှစ်ဖွား ၁၅ နှစ်၊ ဆင်ဖြူတော်အထီး။

(၄) သီရိမာလာ(Thiri Marlar) ခန့်မှန်း ၂၀၀၈ ခုနှစ်ဖွား ၁၄ နှစ်၊ ဆင်ဖြူတော်အမ။

(၅) ဘဒ္ဒဝတီ (Bhadda Waddy) ခန့်မှန်း ၁၉၇၂ ခုနှစ်ဖွား ၅၀ နှစ်၊ ဆင်ဖြူတော်အမ။

(၆) ဇာတကလျာ (Zata Kalyar) ၂၇-၁၁-၂၀၁၁ ခုနှစ်ဖွား ၁၁ နှစ်၊ ဆင်ဖြူတော်အမ။

ထူးခြားရတနာအဖြစ် ကျွန်တော်မှတ်တမ်းတင်ချင်တာက "ဇာတကလျာ" ဆင်ဖြူတော်အမလေးနဲ့ ယခုထပ်မံမွေးဖွားလာခဲ့တဲ့ ဆင်ဖြူတော်၊ အင်္ဂါသားလေးတို့ပါ။ သူတို့ရဲ့မွေးနေ့သက္ကရာဇ်ကို အတိအကျသိရှိရပြီး ဇာတကလျာက နေပြည်တော်သူ စစ်စစ်ဖြစ်ခဲ့ပါတယ်။ မွေးဖွားခဲ့စဉ်က ခမ်းခမ်းနားနား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို လှည့်လည်ပူဇော်ခဲ့ရာမှ ခမ်းနားတင့်တယ်စွာအမည်ပေးကင်ပွန်းတပ်ခံခဲ့ရပြီး နေပြည်တော်သူ ဆင်ဖြူတော်မလေးအဖြစ် ထူးခြားစွာ ဘုရားစေတီမှာယခုတိုင်ခစားလျက်ရှိနေပါတယ်။

နေပြည်တော်မှာ ဆင်ဖြူတော်အမ ငါးစီးနဲ့ အထီးတစ်စီး စုစုပေါင်း ခြောက်စီး ရှိနေကြပါတယ်။ ဆင်ဖြူတော်ရေချိုးသန့်စင်ရန်နေရာ၊ ကျန်းမာရေးအရ ကျယ်ပြန့်တဲ့သစ်တောလွှတ်ကျင်း၊ လုံခြုံသော ခန်းမအဆောင်နေရာကြီးနဲ့ ပြည့်စုံသောအကာအရံများဖြင့် ၅၃ ဧကမျှ ကျယ်ဝန်းပြီး သစ်တောဦးစီးဌာနမှ တိရစ္ဆာန်ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ အရာထမ်း ရုပ်ဦးအပါအဝင် အဆင့်ဆင့်ဖြင့် ဆင်ဖြူတော်များကို ပြုစုစောင့်ရှောက်ထားရှိတာ တွေ့ရှိရပါတယ်။

ဆင်ဖြူတော်များကို ကျွေးမွေးရာတွင်လည်း ကြံ၊ ထန်းလျက်၊ ဝါးရွက်၊ ထနောင်းရွက်၊ ဂျုံ၊ ဖွဲ၊ ကုလားပဲပြုတ်၊ စပါးပြုတ်၊ မြက် စသည်တို့ဖြစ်ကြပြီး အဓိက မြက်အတွက် ဧက ၂၀ ခန့်နေရာမှာ နေပီယာမြက်မျိုးစိုက်ပျိုး၍ ကျွေးမွေးကြကြောင်း၊ ဆင်ဖြူတော်အစာဖိုးသည်လည်း အရွယ်အစားကြီးမားမှုကြောင့် နေ့စဉ်တန်ချိပြီး လစဉ်ခန့်မှန်းငွေ ၂၇ သိန်းနှင့် သိန်း ၃၀ ခန့်ရှိကြောင်း၊ ဆင်ရောဂါများဖြစ်သော အကြောတင်၊ အကြောမျက်၊ ဖက်ခွက်နာ၊ နှင်းခူ၊ မျက်စိနာ၊ အစာအိမ်လမ်းကြောင်းနာ၊ လေချုပ်၊ သန်ကောင်ရောဂါများအပြင် ကြိုတင်ကာကွယ်ဆေးအဖြစ် ထောင့်သန်းမေးခိုင်၊ လည်ချောင်းကွဲရောဂါတို့အတွက် ထိုးနှံထားရှိပြီး ဂရုတစိုက်စောင့်ရှောက်ရပါကြောင်း သိရှိခဲ့ရပါတယ်။

ထူးခြားရတနာဖြစ်ရတဲ့ အကြောင်းရင်းခံများစွာကို ဆက်လက်ရေးဖွဲ့လိုပါတယ်။ ဗုဒ္ဓဝင်ထဲမှာ "ဝေဿန္တရာမင်းကြီး" ဟာ "ပစ္စယ"မည်တွင်ခေါ်တဲ့ ဆင်ဖြူတော်ကို အလှူခံလာတဲ့ ကာလိင်္ဂရာဇ်တိုင်းသားတို့နယ်မြေမှာ ရာသီဥတုမမှန်ကန်မှုကြောင့် အစာရေစာငတ်မွတ်ခေါင်းပါးလျက်ရှိရာ အလှူခံလာသူပုဏ္ဏားကိုယ်စားလှယ်တို့ထံ ပေးဆပ်လှူဒါန်းခဲ့မှုပါ။ ဆင်ဖြူတော်ရတနာကြောင့် ပစ္စယတိုင်းဟာ ကြုံတွေ့နေရတဲ့ အစာရေစာငတ်မွတ်ခေါင်းပါးတဲ့ဘေးက လွတ်မြောက်ခဲ့ရပါတယ်။ ဆင်ဖြူတော်ရဲ့ ဘုန်းတန်ခိုးစွမ်းရည်သည် အလွန်ထူးခြားလေးနက်ကြောင်း ခံစားမိပါတယ်။

ထပ်မံထူးခြားတာက ဆင်ဖြူရတနာ "ဆဒ္ဒန်ဆင်မင်း" ရဲ့ဖြစ်စဉ်ပါ။ ဘုရားလောင်းလျာ ဆင်မင်းသည် ဆင်ဖြူရတနာဖြစ်ပြီး အစွယ်လိုသူမိဖုရား၊ စေခိုင်းသူမင်းဧကရာဇ်၊ ဘုရား ကျွန်တော် သောနုတ္တရ သတ်ရပါကြောင်း ဝန်ခံမှုအတွက် ဗုဒ္ဓဝင်လာအဆိုအရ မိမိအစွယ်ကိုဖြတ်၍ ပေးဆပ်ခဲ့မှုပါ။ အံ့မခန်းထူးခြားမှုပါပဲ။

"ဆင်ရတနာ၊ မြင်းရတနာ" လို့ ခေါ်ဆိုသမုတ်ခဲ့မှုအပေါ်မှာ ရာဇဝင်ထဲက Alexandar the Great ဂရိသူရဲကောင်းဟာ စစ်ပွဲပေါင်းများစွာကို မြင်းစစ်သည်များဖြင့် အောင်နိုင်ခဲ့ရာမှာ အိန္ဒိယစစ်မြေပြင်တွင် အိန္ဒိယစစ်တပ်ရဲ့ ဆင်တပ်ကြောင့် သူ့ရဲ့မဟာမြင်းတပ်ပျက်စီးပြီး ထိုမင်းကျဆုံးခဲ့မှုသမိုင်းပါပဲ။ ဒါဟာ "ဆင်ရတနာ"ရဲ့ တန်ဖိုးတစ်ခုပါပဲ။ ဆင်ဆိုသော သတ္တဝါများသည် တစ်ကမ္ဘာလုံး၌ အာဖရိကနှင့် အာရှမှာပဲ များစွာရှိနေခြင်းကိုလည်း သတိထားမိပြန်ပါတယ်။ မြန်မာ့သမိုင်းမှာဆိုရင် ဆင်ဖြူတော်တစ်စီးပိုင်မင်းကို "တစ်စီးရှင်"၊ ငါးစီးပိုင်လျှင် "ငါးစီးရှင်"၊ ဆင်ဖြူများစွာပိုင်လျှင် "ဆင်ဖြူများရှင်" ဘွဲ့များ ခံယူခဲ့ကြပါတယ်။ ဆင်များရဲ့ သက်တမ်းဟာလည်း ခန့်မှန်း အနှစ် ၁၀၀ မှ ၁၂၀ နှစ်ခန့်ရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။

ရှေးက အမိမြန်မာနိုင်ငံတော်ကြီးတည်ဆောက်ရာမှာ ဆင်တပ်ဟာ ထိပ်ဆုံးမှာ ဦးဆောင်ခဲ့ပြီး အရှေ့ဘက် ဇင်းမယ်၊ အယုဒ္ဓရ၊ အနောက်ဘက် အာသံ၊ မဏိပူရအထိ၊ ခေါ်ဘဏီ တပ်ကြီးများဖြင့် ရှေးဘုရင်တို့ အောင်နိုင်မှုရရှိခဲ့ကြောင်း သိရှိခဲ့ရပြန်ပါတယ်။

နိဂုံးချုပ်အနေဖြင့် မကြာမီရောက်ရှိလာမည့် ဆင်ဖြူတော်တစ်စီး (အထီး) အတွက် နိုင်ငံတော်အဆင့် တာဝန်ရှိသူများ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့နှင့် ဝန်ထမ်းများ၊ ဆင်ဖြူတော်ဝန်ထမ်း(သစ်တောဦးစီးဌာန)များက ဆင်ဖြူတော်ခန်းမဆောင်ကြီးတိုးချဲ့တည်ဆောက်ရေး၊ ကျွေးမွေးစောင့်ရှောက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိကြပါတယ်။

စာရေးသူတို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အေးချမ်းတည်ငြိမ်ခြင်း၊ ဘုန်းကျက်သရေတိုးခြင်း၊ စည်ပင်ဝပြောခြင်း၊ တိုးတက်ချမ်းသာခြင်းတို့ကို ဆောင်ကြဉ်းပေးမည့် အတိတ်နိမိတ်ကောင်းများနှင့်အတူ ထူးခြားဆင်ဖြူရတနာပေါ်ထွန်းလာမှုအတွက် များစွာဝမ်းသာပီတိဖြစ်ရပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

**နေပြည်တော်မှာ ဆင်ဖြူတော်အမ ငါးစီးနဲ့ အထီးတစ်စီး စုစုပေါင်း ခြောက်စီး ရှိနေကြပါတယ်။ ဆင်ဖြူတော်ရေချိုးသန့်စင်ရန်နေရာ၊ ကျန်းမာရေးအရ ကျယ်ပြန့်တဲ့သစ်တောလွှတ်ကျင်း၊ လုံခြုံသော ခန်းမအဆောင်နေရာကြီးနဲ့ ပြည့်စုံသော အကာအရံများဖြင့် ၅၃ ဧကမျှကျယ်ဝန်းပြီး သစ်တောဦးစီးဌာနမှ တိရစ္ဆာန်ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ အရာထမ်း ရုပ်ဦးအပါအဝင် အဆင့်ဆင့်ဖြင့် ဆင်ဖြူတော်များကို ပြုစုစောင့်ရှောက်ထား. . .**

# တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး ဘားအံတပ်နယ်၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲတက်ရောက်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၌ သင်တန်းသားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ အတူတကွသုံးဆောင်စဉ်။

**နေပြည်တော် အောက်တိုဘာ ၆**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်း အပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ်(Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများအသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၇၁ ဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူဦးရေ ၇၆၁၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၅၄၈ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၁၈ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၇၈၂ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူပြုစေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

၄၄ မြို့နယ်၊ ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၊ ငါန်းဇွန်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၃၅၀ တွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၆**

အောက်တိုဘာ ၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၄၃၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၃၅၀ တွေ့ရှိခဲ့ပြီး ယနေ့တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၅၄၉၃ ဦး |
| သေဆုံးသူ | ၁၉၄၆၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၅၉၉၅၉၃ ဦး |

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်




ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ရှိ နဝဒေးခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နံနက်စာ အတူတကွသုံးဆောင်ကြပြီး ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

# မဟာဝိဇယစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့တွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

မဟာဝိဇယစေတီတော် (၂၉)ကြိမ်မြောက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)အခမ်းအနားကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျင်းပသွားမည်ဖြစ်ရာ အောက်တိုဘာ ၉ ရက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) နံနက် ၅ နာရီခွဲတွင် စေတီတော်မြတ်ကြီးလိုဏ်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်များကို အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။

ထို့နောက် နံနက် ၉ နာရီတွင် စေတီတော်လိုဏ်အတွင်း၌ ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သီလပေးတရားနာယူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ခြင်းနှင့် မေတ္တာဘာဝနာပွားများခြင်းများကို အခမ်းအနားအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်အဖိတ်နေ့နှင့် လပြည့်နေ့ မွန်းလွဲ ၂ နာရီတွင် ဝတ်ရွတ်ပူဇော်ခြင်းနှင့် ညနေ ၆ နာရီမှစတင်၍ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများနှင့် ဗုဒ္ဓဝေယျာဝစ္စအကျိုးဆောင်အသင်းများက စေတီတော်ရင်ပြင်တော်တွင် ဆီမီးများ ထွန်းညှိပူဇော်မည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများ ပါဝင်ကုသိုလ်ပြုနိုင်သည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော် နေ့) နံနက် ၉ နာရီခွဲတွင် သီလပေးပွဲမှ စတင်ကာ မွန်းလွဲ ၁ နာရီတွင် (အဘိဓမ္မာအခါတော်နေ့)ဝတ်ရွတ်ပူဇော်ပွဲကို အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ဝတ်အသင်းသူ၊ အသင်းသားများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း(AACC) နှင့် အာဖရိကဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေး(CCJA) ပူးတွဲညီလာခံကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း(AACC)နှင့် အာဖရိကဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး(CCJA) ပူးတွဲညီလာခံကို အောက်တိုဘာ ၄ ရက်က စတင်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ဦး ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ Online မှ တက်ရောက်ခဲ့သည်။

အဆိုပါ ပူးတွဲညီလာခံကို "Promoting Asian-African Cooperation for the Protection of People's Fundamental Rights" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပူးတွဲညီလာခံသို့ AACC အဖွဲ့ဝင်နိုင်ငံ ၁၆ နိုင်ငံနှင့် CCJA အဖွဲ့ဝင်နိုင်ငံ ၂၉ နိုင်ငံတို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ ခုံရုံး၊ ကောင်စီများ၏ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများ၊ တရားသူကြီးများတက်ရောက်ကြပြီး AACC အဖွဲ့ဝင်နိုင်ငံများနှင့် CCJA အဖွဲ့ဝင်နိုင်ငံများမှ ဥပဒေပညာရှင်များက စာတမ်းများဖတ်ကြား၍ အသိအမြင်နှင့် အတွေ့အကြုံဗဟုသုတများကို ဖလှယ်ခဲ့ကြသည်။

ထို့အတူ အောက်တိုဘာ ၅ ရက်မှ ၆ ရက်ထိ ကျင်းပသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေး ကမ္ဘာ့ညီလာခံအသင်း(WCCJ)၏ (၅)ကြိမ်မြောက်ညီလာခံသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ဦး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းမှတစ်ဆင့် ဆက်လက်တက်ရောက်ခဲ့သည်။ အဆိုပါ ညီလာခံကို "Constitutional Justice and Peace" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ရာ WCCJ အဖွဲ့ဝင်နိုင်ငံပေါင်း ၉၈ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ ခုံရုံး၊ ကောင်စီတို့၏ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများ၊ တရားသူကြီးများ၊ ဖိတ်ကြားထားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဥပဒေပညာရှင်များ တက်ရောက်ကြပြီး အသိအမြင် အတွေ့အကြုံဗဟုသုတများ ဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




အင်ဒိုနီးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ပထမအကြိမ်ကျင်းပသည့် (AACC-CCJA) အပြည်ပြည်ဆိုင်ရာ ပူးတွဲညီလာခံကို ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ Online မှ တက်ရောက်စဉ်။

# ကျိုင်းတုံမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကလေးမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်သန့်ဇင်ဦး ကလေးမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ များကို ယနေ့နေ့လယ်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များက အဆိုပါမြို့ရှိ ပြည်ငြိမ်းအေးအိမ်ရာခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ကြက်ဥနှင့် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို နယ်မြေခံဆေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့တွင် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်သန့်ဇင်ဦးနှင့် တာဝန်ရှိသူများက အောင်ဆန်းခန်းမ၌ သွားရောက်တွေ့ဆုံပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# သြဇာပင်နှင့် သြဇာသီးအကြောင်း တစေ့တစောင်း

မန်းတင့်မော်



လူမှုကွန်ရက်စာမျက်နှာတွင် ပြည်ဒေသထွက် သြဇာသီးများစတင်ပေါ်နေပြီဆိုသောသတင်းကို ဖတ်ရှုရသည်။ ပြည်သြဇာသီးကောင်းမွန်ကြောင်း နိုင်ငံကျော်ပါသည်။ သြဇာပင် သြဇာသီးဆိုင်ရာမှတ်စုမှတ်ရာများကို ရှာဖွေ၍ တင်ပြလိုပါသည်။

မြန်မာအဘိဓာန်တွင် "သြဇာ၊ န-၅၊ အစေ့နက်များတွင် ချိုအေးသောအသားဖုံးလွှမ်းပါရှိသည့် အသီးသီးသောအပင်"ဟုအဓိပ္ပာယ်ဖွင့်ထားသည်။ သြဇာပင်မှာ မြန်မာဒေသမျိုးရင်း(ဌာနေ)မဟုတ်ဘဲ အနောက်အိန္ဒိယကျွန်းစုတွင် စတင်ပေါက်ရောက်သောဇာတိပင်ဖြစ်ကြောင်း သိရသည်။ ထိုမှတစ်ဆင့် ကမ္ဘာ့အပူပိုင်းဒေသများသို့ ပျံ့နှံ့လာခြင်းဖြစ်သည်ဟု မှတ်သားရသည်။ သြဇာပင်ကို သိပ္ပံနည်းကျမျိုးခွဲမှုအရ မျိုးစဉ် Magnoliales တွင်ပါဝင်၍ မျိုးရင်း Annonaceae အောက်တွင် ထည့်သွင်းထားသည်။ သြဇာမျိုးစု Annona တွင် မျိုးစိတ် Annona squamosa(ရိုးရိုးသြဇာ)၊ Annona muricata(ဒူးရင်းသြဇာ)နှင့် Annona reticulata (သင်္ဘောသြဇာ)ဟူ၍ သုံးမျိုးရှိသည်။ သြဇာအားလုံးတို့သည် စံကားစိမ်း၊ တတိုင်းမွှေး၊ သင်္ဘောတည်ပင်များနှင့်လည်း မျိုးနွယ်တော်စပ်လျက်ရှိသည်။

သြဇာပင်မျိုးစု Annona ဟူသည်မှာ အမေရိကတိုက်ဌာနေ လူနီတစ်မျိုးဖြစ်သော တိုင်နိုလူမျိုးတို့က သြဇာသီးကိုမှည့်ခေါ်သောအမည်ကို လက်တင်ဘာသာသို့ ပြောင်းလဲယူထားသောအမည်ဟုဆိုသည်။ မျိုးစိတ်အသီးသီးတွင်လည်း ဆိုင်ရာအဓိပ္ပာယ်များရှိနေကြသည်။ ရိုးရိုးသြဇာမျိုးစိတ် Squamosa ဟူသည်မှာ အကြေးခွံနှင့်တူသော အသီးအပြင်ခွံကိုရည်ညွှန်းသည်။ ဒူးရင်းသြဇာမျိုးစိတ် Muricata ဟူသည်မှာ ကြမ်းရှစူးရှသောသဘောဖြစ်သည်။ သင်္ဘောသြဇာမျိုးစိတ် Reticulata မှာ အသီးခွံတွင် ပိုက်ကွန်ကဲ့သို့အကွက်ပေါ်နေခြင်းကို ဆိုလိုကြောင်း သိရသည်။

တော်သလင်းနှင့် သီတင်းကျွတ်လတို့တွင်ဖြိုင်ဖြိုင်ထွက်သည့် ရိုးရိုးသြဇာမှာ မြန်မာနိုင်ငံအပူပိုင်းဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဖြစ်ထွန်းသည်။ မကွေးတိုင်းဒေသကြီးနှင့် ဒေသချင်းဆက်စပ်နေသော ပြည်မြို့(ပဲခူးတိုင်းဒေသကြီး) အချို့ဒေသများတွင်လည်း အထူးစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ဒေသအလိုက် နာမည်ရ သြဇာသီးများရှိကြောင်းလည်း သိရှိရသည်။ ပြည်ခရိုင်အတွင်း ဖိုးဦးတောင်၊ ကြက်တင်းတောင်၊ တောင်လုံးညိုဒေသတို့မှ သြဇာသီးများမှာ လူကြိုက်များထင်ရှားသည်။ သစ်ဆိမ့်ပင်၊ မော်ဇာ၊ ဇီးအုပ်နှင့် ဝက်ထီးကန်တို့တွင်လည်း သြဇာပင်အများအပြား စီးပွားဖြစ်စိုက်ပျိုးကြသည်။ မကွေး၊ မင်းဘူးဒေသများမှလည်း သြဇာသီးကောင်းများထွက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်(အနီးစခန်း)နှင့် ကရင်ပြည်နယ် သံတောင်ဒေသတွင်လည်း သြဇာစိုက်ပျိုးဖြစ်ထွန်းသည်။ သြဇာပင်စိုက်ပျိုးရာတွင် အစေ့ပျိုး၍စိုက်ပျိုးနိုင်သကဲ့သို့ ကိုင်းတွင်မြေထုပ်ထည့်ပြီး ကိုင်းကူး၍လည်းစိုက်ပျိုးနိုင်သည်။ မြန်မာနိုင်ငံတွင် အစေ့ပျိုးစိုက်ခြင်းကိုသာ တွင်ကျယ်စွာစိုက်ပျိုးကြောင်း သိရသည်။ သြဇာပင်များက သဲဆန်သော ဂဝံကျောက်မြေမျိုးကိုနှစ်သက်သည်။ ရေဝပ်ခြင်းကို မကြိုက်ဘဲ ရေဆင်းကောင်းသော အနေအထားမျိုးဖြစ်သင့်သည်။ မိုးရေချိန် ၆၀ လက်မ နှင့် ၇၀ လက်မကြား ရှာသွန်းလျှင် ပို၍ဖြစ်ထွန်းကြောင်းနှင့် ပေ ၃၀၀၀ ထိမြင့်သော ဒေသအတွင်း ရှင်သန်ပေါက်ရောက်နိုင်သည်။

သြဇာပင်တို့မှာ ပင်ငယ်ပင်အမျိုးအစားဖြစ်၍ သစ်ပင်ငယ် ပင်ပျပ်မျိုးဟုဆိုနိုင်သည်။ အခွံချောသော ပင်လုံးပင်စည်နှင့် အကိုင်းအခက်များရှိသည်။ ဒူးရင်းသြဇာပင်မှာ ပေ ၃၀ ခန့်ထိမြင့်၍ သြဇာမျိုးများတွင် အမြင့်ဆုံးဖြစ်သည်။ ထူးခြားချက်အနေဖြင့် ဒူးရင်းသြဇာပင်စည်ကိုခုတ်လိုက်သည့်တိုင် ပင်စည်အငုတ်မှ အပင်သစ်ထွက်လာနိုင်သည်။ သြဇာပင်အားလုံး နှစ်ရှည်ခံပင်များဖြစ်ကြသည်။ သြဇာပင်အသားမှာ ခြောက်သွေ့သော်လည်း အသားပွ၍ အချို့ဒေသတွင် ထင်းအဖြစ်သုံးကြောင်းနှင့် အခြားအသုံး မတွင်ကျယ်ကြောင်း သိရသည်။

သြဇာပင်၏အရွက်များမှာ ရွက်ထိုးဖြစ်၍ ရွက်လွှဲပုံသဏ္ဌာန်ရှိသည်။ အလယ်ရွက်ကြောထင်ရှား၍ ရွက်ကြောငယ်များ ယှက်သန်းလျက်ရှိသည်။ အရွက် နှစ်လက်မမှ သုံးလက်မထိ ရှည်လျားသည်။ ငှက်တောင်ပုံ ထိပ်ချွန်သည်။ အရွက်မျက်နှာပြင်ချောမွတ်သည်။ အရွက်ဆိုင်များကြား ပင်စည်ကိုင်းများမှ အပွင့်တစ်ပွင့်ချင်း သို့မဟုတ် အပွင့်များတစ်ပြိုင်တည်းပွင့်တတ်သည်။ ရွက်ကြားထွက်ခေါင်ညွှန့်လွဲပန်းခိုင်မျိုးဖြစ်သည်။ ပန်းပွင့်တွင် ပွင့်ခံရွက်ပါရှိသော်လည်း ပွင့်ညှာရွက်မပါရှိပေ။ လိင်စုံပန်းပွင့်မျိုးဖြစ်၍ လေးခြမ်းညီညာသည်။ သြဇာပွင့်သည် အထက်တည်မပန်းမျိုးဖြစ်သည်။ ပွင့်ဖတ်အုံ သုံးခုရှိသည်။ ထင်ရှားစွာမြင်နိုင်သော ပွင့်ချပ်အုံမှာ လုံ့သွားပုံပွင့်ချပ်သုံးခုတည်ရှိသည်။ အဖိုအင်္ဂါ(ဝတ်ဆံဖို)များစွာပါသည်။ ဝတ်ဆံတိုင်များတုတ်၍ တိုသည်။ အမအင်္ဂါအုံ များစွာပါရှိပြီး တစ်ခုစီတွင် အစေ့အိမ်ခန်းတစ်ခန်းစီပါရှိသည်။ အစေ့အိမ်ခန်းတိုင်းတွင် အစေ့လောင်းတစ်ခုစီပါရှိကြသည်။ ဝတ်မှုန်ခံတိုင် ရိုးရှင်းသည်။

သြဇာသီးသည် တစ်ပွင့်သီးစုဖြစ်၍ အရည်ရွှမ်းသော ဘယ်ရီသီးမျိုးဖြစ်သည်။ အသီး၏အချင်းမှာ လေးလက်မမှခြောက်လက်မထိရှိတတ်သည်။ ထိပ်ဘက်အနည်းငယ်ချွန်းသည်။ ငါးအကြေးခွံအကွက်များနှင့်တူသော အသီးခွံရှိသည်။ ဖြူဖွေးသော အတွင်းသားသည် မှည့်လျှင်ပျော့လာသည်။ သေးငယ်သော အမြှာလေးများပါ၍ ညိုနက်တောက်ပြောင်သော ရှည်ဝိုင်းဝိုင်းအစေ့များပါရှိသည်။ အစေ့ကြီး၍ အစေ့တွင်းစာပါရှိသည်။ သြဇာစေ့များကို မန်ကျည်းစေ့များကဲ့သို့ ကလေးများက သြဇာစေ့တောက်ကစားလေ့ရှိကြသည်။ ရိုးရိုးသြဇာရင့်မှည့်ချိန်တွင် ဒေသအခေါ် ရွှေဒင်္ဂါးရောင်၊ နွယ်သာကီရောင်နှင့် မရန်းရောင်ဟူ၍ သုံးမျိုးခွဲခြားကြောင်းလည်း မှတ်သားရသည်။

ဒူးရင်းသြဇာ၏ ထူးခြားချက်မှာ အသီးတွင် ဆူးဖုလေးများပါဝင်ခြင်းပင်ဖြစ်သည်။ ဒူးရင်းသီးနှင့်တူသည်။ ဒူးရင်းသီးကဲ့သို့ ဆူးများရင့်လျှင် အသီးမှည့်လေ့ရှိသည်။ အခြားသောသြဇာပင်များကဲ့သို့ တစ်ကြိမ်ပွင့်သီးခြင်းမဟုတ်ဘဲ တစ်နှစ်လျှင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သုံးကြိမ်သီးပွင့်ကြောင်း သိရသည်။

အခြားသြဇာတစ်မျိုးမှာ နတ်သြဇာ သို့မဟုတ် သကြားသြဇာ သို့မဟုတ် သင်္ဘောသြဇာဖြစ်သည်။ အပင်၊ အရွက်၊ အပွင့်တို့မှာ အခြားသြဇာမျိုးများနှင့် တူညီသော်လည်း အသီးပြင်ပပုံသဏ္ဌာန်ကွဲပြားသည်။ ပြင်ပအသီးခွံချောမွတ်၍ ပြောင်လက်သည်။ အတွင်းအသီးမြှာများမှာ ရိုးရိုးသြဇာနှင့်တူသော်လည်း အချိုပို၍ လေးသည်။

မြန်မာဆေးကျမ်းများအလိုအရ သြဇာသီးသည် ချို၏။ အေး၏။ ဆိမ့်၏။ အဆီအစေးရှိ၏။ သလိပ်ကိုပွားစေတတ်၏။ သွေးအားကို တိုးပွားစေသည်။ နှလုံးကိုအကျိုးပြု၏။ ပူလောင်ခြင်း၊ လေပူရောဂါနှင့် သွေးအန်ရောဂါများအတွက် ပယ်ဖျောက်နိုင်၏။ အရွက်ကိုကြိတ်၍ ကျွေးပါက သန်ကောင်တုတ်ကောင်ကြီးများ ကျစေ၏။ အကြောငုပ်ခြင်း၊ တက်ခြင်းများအတွက် အရွက်ကိုကြိတ်၍ အုံကပ်ပေးလျှင် သက်သာစေသည်။ အမူးအမော်ရောဂါနှင့် ထိပ်ကပ်နာများအတွက် အရွက်ကိုခြေ၍ ရှူပေးရသည်။ သြဇာသီးအစိမ်းတွင် ချုပ်သောဖန်သောသတ္တိရှိ၍ ဝမ်းသွားဝမ်းသက်ခြင်းအတွက် သင့်၏။ ဝမ်းကိုက်ရောဂါ၊ လေနာရောဂါနှင့် အစာအိမ်ရောဂါများအတွက်လည်း သြဇာသီးကိုဆေးအဖြစ်သုံးနိုင်သည်။ သြဇာစေ့ကို အမှုန့်ပြုလုပ်၍ အနာပေါ်ဖြူးပေးပါက ပိုးသေနိုင်သည်။ အမြစ်ကိုသွေးသောက်ပါက ဆီးချုပ်ရောဂါပျောက်ကင်းသည်။ သြဇာအခေါက်ကိုလည်း တိုင်းရင်းဆေးများ ဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုကြောင်း မှတ်သားရပါသည်။

သြဇာသီးများ၏ အလေးချိန် ၁၀၀ ဂရမ်တွင် ကယ်လိုရီ ၇၆ ဂရမ်ပါဝင်သည်။ အာဟာရဆိုင်ရာပါဝင်မှုများတွင် ပရိုတင်း၊ အဆီ၊ ကာဗိုဟိုက်ဒရိတ် (သကြားဓာတ်များစွာ)၊ အမျှင်ဓာတ်။ ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ သံဓာတ်၊ ဆိုဒီယမ်၊ မဂ္ဂနီစီယမ်နှင့် လိုင်ဆင်းဓာတ်များ ပါဝင်လျက်ရှိသည်။ သက်စောင့်ဓာတ်ဟုဆိုနိုင်သော ဗီတာမင်များအနေဖြင့် ဗီတာမင်အေ၊ ဘီဝမ်း၊ ဘီတူး၊ ဘီဆစ်နှင့် ဗီတာမင်စီများလည်း အချိုးအစားညီမျှစွာပါဝင်သည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်း Antioxidant ပါဝင်ကြောင်းလည်း သိရသည်။

သြဇာသီးကို စားသုံးခြင်းဖြင့် ရရှိစေသော အကျိုးများစွာရှိသည်။ သြဇာသီးက အရေပြားကူးစက်ရောဂါကို ပျောက်ကင်းစေပြီး အရေပြားကို ရွှန်းစိုစေသဖြင့် အိုမင်းရင့်ရော်မှုကို နှေးကွေးစေနိုင်သည်ဟု ဆိုသည်။ သြဇာသီးတွင် ခွန်အားဖြစ်စေသော ကယ်လိုရီများစွာပါ၍ ခွန်အားဖြည့်တင်းပေးခြင်းဖြင့် ကိုယ်ခံအားစနစ်ကောင်းမွန်စေသည်။ ဦးခေါင်းပိုင်းအတွက် ဦးနှောက်ကို ကျန်းမာစေပြီး ပါဝင်သောထုံးဓာတ်များက သွားများကို ခိုင်မာစေသည်။ မျက်စိအမြင်အာရုံကိုလည်း ကြည်လင်စေသည်။ နှလုံးဆိုင်ရာရောဂါများကို သက်သာစေ၍ သွေးအားနည်းခြင်းအတွက်လည်း သင့်လျော်ကြောင်း သိရသည်။ အစာခြေစနစ်ကို ကောင်းမွန်စေပြီး အစာလမ်းကြောင်းရှိ မလိုအပ်သော ကပ်ပါးသတ္တဝါများကို ဖယ်ရှားနိုင်သည်ဟုလည်း ဆိုသည်။ ကိုယ်ဝန်ဆောင်မိခင်များ၏ ဓာတ်စာအဖြစ် သြဇာသီးကို သင့်တင့်ရုံစားသုံးနိုင်ပြီး သန္ဓေသားအတွက်လည်း အထောက်အကူဖြစ်စေသည်။

သြဇာသီးအမျိုးမျိုးသည် ကျန်းမာရေးအတွက် အကျိုးပြုသည်ဆိုသော်လည်း ကျန်းမာရေးအခြေအနေတစ်ရပ်ရပ်ကြောင့် ဆေးဝါးများ ပုံမှန်မှီဝဲနေရသူများ၊ ရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအနေဖြင့် တတ်ကျွမ်းနားလည်သော အာဟာရပညာရှင်ဆရာဝန်နှင့် တိုင်ပင်ပြီးမှ စားသုံးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

❖ သြဇာပင်၏အရွက်များမှာ ရွက်ထိုးဖြစ်၍ ရွက်လွှဲပုံသဏ္ဌာန်ရှိသည်။ အလယ်ရွက်ကြောထင်ရှား၍ ရွက်ကြောငယ်များ ယှက်သန်းလျက်ရှိသည်။ အရွက် နှစ်လက်မမှ သုံးလက်မထိ ရှည်လျားသည်။ ငှက်တောင်ပုံ ထိပ်ချွန်သည်။ အရွက်မျက်နှာပြင်ချောမွတ်သည်။ အရွက်ဆိုင်များကြား ပင်စည်ကိုင်းများမှ အပွင့်တစ်ပွင့်ချင်း သို့မဟုတ် အပွင့်များတစ်ပြိုင်တည်းပွင့်တတ်သည်။ ရွက်ကြားထွက်ခေါင်ညွှန့်လွဲပန်းခိုင်မျိုးဖြစ်သည်။ ပန်းပွင့်တွင် ပွင့်ခံရွက်ပါရှိသော်လည်း ပွင့်ညှာရွက်မပါရှိပေ။ လိင်စုံပန်းပွင့်မျိုးဖြစ်၍ လေးခြမ်းညီညာသည်။ သြဇာပွင့်သည် အထက်တည်မပန်းမျိုးဖြစ်သည်။ ပွင့်ဖတ်အုံ သုံးခုရှိသည်။ ❖

**ကိုးကား**

၁။ ပုံပြဆေးအဘိဓာန်

၂။ မြန်မာ့အစားအစာ၏ အာဟာရ

၃။ မြန်မာအပင်များ(ဝင်းတင်ဝင်း) ၂၀၁၉

# နွားနို့နှင့်ကျန်းမာရေး

## ပေါက်ပေါက်



မြန်မာနိုင်ငံတွင် ပျမ်းမျှ အသက် ခြောက်နှစ်အရွယ်ကစပြီး နွားနို့သောက်သုံးမှု နည်းပါးနေသည်။ ထို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization - FAO)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံရှိ အခြေခံပညာမူလတန်းကျောင်းများတွင် နွားနို့တိုက်ကျွေးရေးအစီအစဉ်ကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ မှတ်တမ်းများအရ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်ထိ ကျောင်းပေါင်း ၁၂၅၉၇ ကျောင်း၊ ကျောင်းသား၊ ကျောင်းသူဦးရေစုစုပေါင်း ၂၆၄၆၁၆၂ ဦးတို့ကို နို့နှင့်အာဟာရများ တိုက်ကျွေးခဲ့ပြီးဖြစ်ကြောင်း လေ့လာသိရှိရသည်။ ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင်လည်း တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတို့တွင် ယခင်ကာလထက်မနည်းသော ကျောင်းသားဦးရေများကို စဉ်ဆက်မပြတ် နွားနို့အာဟာရသာမက ပဲနို့ရည်များလည်း တိုက်ကျွေးနေကြသည်။

**နွားနို့သောက်မှုနည်းသော မြန်မာနိုင်ငံ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က အရွယ်ရောက်ပြီးသူ လူသားတစ်ဦးအတွက် တစ်နှစ်လျှင် နွားနို့လီတာ ၂၀၀ အနည်းဆုံးသောက်သုံးရန် လမ်းညွှန်ထားသည်။ ဥပမာပြရလျှင် သောက်ရေသန့်ဘူးကြီး တစ်ဘူးသည် လီတာ ၂၀ ဝင်ဆံ့သဖြင့် အရွယ်ရောက်ပြီးသူတစ်ဦးသည် တစ်နှစ်လျှင် ရေသန့်ဘူးကြီး ဆယ်ဘူးစာ ပမာဏရှိသောနွားနို့ သောက်သုံးသင့်သည်။ သို့သော် နိုင်ငံတကာစံနှုန်းအရ ဖွံ့ဖြိုးစမြန်မာနိုင်ငံတွင် ပြည်သူများအနေဖြင့် မည်သည့်နည်းနှင့်မျှသောက်သုံးနိုင်စွမ်းမရှိချေ။ နိုင်းယှဉ်ဖော်ပြချက်အရ နယူးဇီလန်နိုင်ငံသားတစ်ဦးက တစ်နှစ်လျှင် နွားနို့လီတာ ၂၇၀ သောက်သုံးနေချိန်တွင် မလေးရှားနိုင်ငံသားတစ်ဦးက တစ်နှစ်လျှင် နွားနို့လီတာ ၆၀ ကိုသာ သောက်သုံးပြီး မြန်မာနိုင်ငံသားတစ်ဦးက တစ်နှစ်လျှင် နွားနို့ ၁၀ လီတာသာ သောက်သုံးနိုင်သည်ကို တွေ့ရသည့်အတွက် မြန်မာနိုင်ငံသားများအနေဖြင့် နွားနို့သောက်သုံးမှုပမာဏမှာ လွန်စွာနည်းပါးနေသည်။

မြန်မာနိုင်ငံ၏ နို့နှင့်နို့ထွက်ပစ္စည်းဈေးကွက်ကို ပြည်ပကုမ္ပဏီများက သုတေသနပြုပြီး ဝယ်လိုအားမှန်မှန်တိုးတက်နေသည့် ဈေးကွက်တစ်ခုအဖြစ် ရှုမြင်သုံးသပ်ကြသကဲ့သို့ ဒေါ်လာသန်းနှင့်ချီကာ တင်သွင်းရောင်းချနေကြသော်လည်း ပြည်တွင်းထုတ်လုပ်မှုများမှာ အရေအတွက်ရော အရည်အသွေးများပါ ယှဉ်ပြိုင်ထုတ်လုပ်နိုင်စွမ်းမရှိကြပေ။ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ မဖွံ့ဖြိုးမှုကြောင့် ကလေးများအပါအဝင် ပြည်သူများ၏ အာဟာရမဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးပြဿနာတို့ပါ ဖြစ်ပေါ်ခံစားကြရသည်။

**နွားနို့စားဖွယ်ရာ**

နွားနို့ကိုပွက်ပွက်ဆူအောင် ကျိုချက်ပြီး ဆား သို့မဟုတ် သကြားအနည်းငယ်ထည့်၍ သောက်ကြသကဲ့သို့ နို့အေးအဖြစ်လည်းသောက်ကြသည်။ နွားနို့ သို့မဟုတ် နို့မှုန့်ကို ကော်ဖီ၊ လက်ဖက်ရည်၊ ဟောလစ်၊ မိုင်လို၊ အိုဗာတင်း၊ ကိုကိုး စသည်တို့နှင့်ရောဖျော်၍ လည်းကောင်း၊ ဖာလူဒါ၊ ရေခဲမုန့်၊ နို့အေးချောင်း၊ သစ်သီးဖျော်ရည်အမျိုးမျိုး စသည်ဖြင့်ရောစပ်၍ လည်းကောင်း မိမိနှစ်သက်သလို အပူ၊ အအေးစားသုံးနိုင်သည်။ နွားနို့ကို ပြုပြင်ဖန်တီး၍ မလိုင်၊ ဒိန်ချဉ်၊ နို့ခမ်းမလိုင်၊ နို့ခမ်းဖျော်ရည်၊ နို့ခဲ၊ ထောပတ်၊ ချိစ် စသည်ဖြင့်စားသောက်နိုင်သည်။

**နွားနို့နှင့်ကျန်းမာရေး**

နွားနို့တစ်ဖန်ခွက်သည် လူကြီးများအတွက် တစ်နေ့တာဗီတာမင်လိုအပ်ချက်၏ ရှစ်ရာခိုင်နှုန်း၊ ကလေးများအတွက် တစ်နေ့တာဗီတာမင်လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်သည်။ နွားနို့သည် ကလေးများအတွက် မိခင်နို့ပြီးလျှင် အာဟာရဓာတ်အကြွယ်ဝဆုံးသော အစာအာဟာရဖြစ်သည်။ ဗီတာမင်နှင့် သတ္တုဓာတ်သည် လူသားတို့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်နေသော သက်စောင့်ဓာတ်များဖြစ်ကြပြီး ၎င်းဓာတ်အားလုံးကို နွားနို့တစ်ခွက်မှ ရရှိနိုင်သည်။ အထူးသဖြင့် ကလေးများ၏ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုအတွက် လိုအပ်လျက်ရှိသောထုံးဓာတ်၊ အသားဓာတ်၊ ဗီတာမင်အေနှင့် ဗီတာမင်ဒီတို့ကို နွားနို့မှ ပြည့်စုံလုံလောက်စွာရရှိနိုင်သည်။ နွားနို့သည် လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ လူမမာနှင့် အားကစားသမားများအတွက်ပါ ကြိုက်နှစ်သက်စွာ သောက်သုံးနေကြသော စားသောက်ကုန်တစ်မျိုးဖြစ်သည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင် နို့မျိုးဟူသမျှသည် အဆီဩဇာရှိ၏။ ချိုဆိမ့်၏။ လေ၊ သည်းခြေကိုနိုင်၏။ ပျို့နှံ့လွယ်၏။ သလိပ်ကိုပွားစေတတ်၏။ လတ်တလောသုက်ကိုပွားစေနိုင်၏။ များသောအားဖြင့် လူခပ်သိမ်းတို့နှင့် သင့်၏။ အသား၊ ပညာတို့ကို ပွားစေတတ်၏။ မေထုန်ကိုများစွာမှီဝဲစေနိုင်၏။ အရွယ်ကိုတည်စေနိုင်၏။ အရှိးကျိုးကိုဆက်တတ်၏။ အိုခြင်း၊ နာခြင်းကိုပျောက်၍ အသက်ကိုရှည်စေနိုင်၏။ ဝမ်းသက်သောသူ၊ အော့အန်သောသူ၊ ဝမ်းချုပ်သောသူတို့၏ ဩဇာကိုပွားစေတတ်၏။ သလိပ်မရှိသော အဖျားဟောင်း၌လည်းကောင်း၊ သုက်ကုန်ခန်းခြင်း၊ မူးဝေခြင်း၊ စိတ်ပျံ့လွယ်ခြင်းတို့၌လည်းကောင်း၊ ဝမ်းကိုက်နာ၊ ဘေးထိုးရင်ကျပ်နာ၊ ဆီး၊ ဝမ်း၊ လေလမ်းများ၌ အောက်သို့မသက်၊ အထက်သို့ဆန်တက်သောအနာ၊ ဆီးအိမ်၌ဖြစ်သောအနာ၊ မြင်းသရိုက်နာ၊ ရတ္တပိတ်နာ၊ ဝမ်းသွန်ဝမ်းပျက်သက်သာရနာ၊ မိန်းမတို့၏အင်္ဂါဇာတ်၌ဖြစ်သောအနာ၊ မောပန်းခြင်း၊ နုံးခြင်း၊ နွမ်းနယ်ခြင်းတို့၌သင့်၏။ ကိုယ်ဝန်လျှောသောအနာ၌ အမြဲသင့်၏။ လူငယ်၊ လူအို၊ ထိခိုက်ရှနာသောသူ၊ အားခွန်ကုန်ခန်းသောသူ၊ လေပူဆာ၍ ချိသောသူ၊ ပိန်သောသူတို့၌ အမြဲအလွန်သင့်၏။ မုန့်ထက်ရှစ်ဆကြေခဲ၏ ဟုဆိုထားသည်။

မြန်မာ့ဆေးကျမ်းတွင် နွားနို့သည် အဆီဩဇာရှိ၍ ချိုဆိမ့်၏။ ပုပ်သောအနာ၊ သွေးနာ၊ လေနာချောင်းဆိုးတို့ကိုနိုင်၏။ လေ၊ သည်းခြေကိုနိုင်၏။ သလိပ်နှင့်သုက်ကိုပွားစေ၏။ ခွန်အားနှင့် ကာမကိုအားပေး၏။ အသက်ရှည်စေ၏။ ပညာ၊ အရွယ်၊ အဆင်းတို့ကိုတည်မြဲစေ၏။ အရိုးကျိုးလျက် ဆက်စေနိုင်၏။ အဖျားအို၊ အဖျားဟောင်း၊ သွေးအားနည်းရောဂါ၊ သွေးတိုး၊ ရင်ကျပ်နာ၊ လေမတက်ဘဲလေထသည့်ရောဂါ၊ သွေးအန်၊ သွေးလျှံနာ၊ အပူရောဂါ၊ မောပန်းအားနည်းသောရောဂါ၊ ကိုယ်ဝန်လျှောစေသောရောဂါ၊ ပိန်ကြုံရောဂါတို့အတွက်အထူးသင့်လျော်၏။ ဓာတ်သဘောအရ သီဟတေဇော၊ သီဟပထဝီဓာတ်စာဖြစ်၏ဟု ဆိုထားသည်။

ဗြိတိသျှဆေးကျမ်းတွင် နွားနို့ချိုသည် လူသား၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနှင့် အသက်ရှည်မှုအတွက် လိုအပ်သော အာဟာရဓာတ်အားလုံးကို ပေးစွမ်းနိုင်၏။ အရိုးပျော့ရောဂါ၊ သွေးစိမ့်သောရောဂါနှင့် အခြားရောဂါအများအပြားကိုလည်း ကာကွယ်ပေးနိုင်၏ ဟုဆိုထားသည်။

နွားနို့တွင် ပရိုတင်း၊ ဗီတာမင်ဘီ၊ ဗီတာမင်ဒီနှင့် သတ္တုဓာတ်အမျိုးမျိုးတို့အပြင် အော်ဂဲနစ်ဓာတ်ပေါင်းစုများ မြင့်မားစွာပါရှိနေသဖြင့် ကာယအားနှင့် ဉာဏအားကို ဖြစ်စေသည့်အတွက် အရွယ်သုံးပါးမရွေးသောက်သုံးသင့်သော အာဟာရပြည့် ဖြည့်စွက်စာဖြစ်သည်။ နွားနို့ထဲတွင် ကယ်လ်စီယမ်၊ ပရိုတင်းတို့အပြင် ဗီတာမင်အီး၊ စီလီနီယမ်၊ ဇင့်ကဲ့သို့သော ခန္ဓာကိုယ်အကျိုးပြု ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါရှိနေ၍ ကိုယ်ခံစွမ်းအားကို အထူးကောင်းမွန်စေသည့်အပြင် ခန္ဓာကိုယ်ကို ဆိုးကျိုးဖြစ်စေသော ဖရီးရယ်ဒီကယ်လ်များအန္တရာယ်မှ ခုခံကာကွယ်ပေးနိုင်သည်။

အရိုးနှင့်သွားများ၏ သိပ်သည်းဆကိုခိုင်ခံ့စေရန် ကယ်လ်စီယမ်၊ သတ္တုဓာတ်များနှင့် ပရိုတင်းတို့ကို မရှိမဖြစ်လိုအပ်သည်။ ၎င်းဓာတ်အားလုံးကို နွားနို့တစ်ခွက်မှ လုံလောက်စွာရရှိနိုင်သည်။ သဘာဝမြက်စားနွားမ၏ နို့ထဲတွင်ပါရှိသော အိုမီဂါ-၃ အဆီဓာတ်များက နှလုံးရောဂါအမျိုးမျိုးနှင့် နှလုံးသွေးကြောရောဂါကြောင့်ဖြစ်စေတတ်သော လေငန်းရောဂါဖြစ်ခြင်းတို့မှလည်း ထိထိရောက်ရောက်ကာကွယ်ပေးနိုင်သည်။

သိပ္ပံနည်းကျ ဓာတ်ခွဲစမ်းသပ်ချက်များအရ နွားနို့ထဲရှိ ဗီတာမင်ဘီနှင့် တန်ဖိုးမြင့်သတ္တုဓာတ်များက ခန္ဓာကိုယ်၏ဇီဝဖြစ်စဉ်ကို ကောင်းစွာစွမ်းဆောင်နိုင်ပြီး ခန္ဓာကိုယ်တွင်းရှိ သကြား၊ အင်ဆူလင်နှင့်ဂလူးကို့စ်ပမာဏကို ထိန်းညှိပေးထားနိုင်သည်။ ထို့ကြောင့် ဆီးချို၊ သွေးချိုရောဂါကို မပြင်းထန်အောင် နွားနို့က ထိန်းထားနိုင်ကြောင်း လေ့လာသိရှိရသည်။

နွားနို့တစ်ခွက်သောက်ပြီးနောက် ဆာလောင်မွတ်သိပ်မှုကိုပြေပျောက်စေပြီး အာသာပြေသွားသည့် ခံစားမှုကိုရရှိစေသဖြင့် နောက်ထပ် အစာစားလိုစိတ်ကိုချိုးနှိမ်ပေးထားနိုင်သည်။ ထို့ကြောင့် ကိုယ်အလေးချိန်လျှော့ကျလိုသူများအနေဖြင့် ဆာလောင်မွတ်သိပ်မှုကို ဖြေရှင်းရာ၌ အခြားသောဆီကြော်မုန့်များကို မစားဘဲ နွားနို့ကိုသာ သောက်ပေးသင့်သည်။ အပူ၊ အစပ်စားပြီးနောက် အအေးခံထားသော နွားနို့သောက်ပေးခြင်းဖြင့် အစာအိမ်နာရောဂါမဖြစ်စေတော့ပေ။ (နို့အေးမဟုတ်ပါ)

ခန္ဓာကိုယ်တွင်း အဆိပ်အတောက်ပြေစေရန်အတွက် ကညွတ်ဥ(ကညွတ်ပင်၏အမြစ်)ကို နွားနို့ဖြင့်ကျိုချက်သောက်ပါ။ မျက်စိအားကောင်းစေရန်အတွက် နေ့စဉ် နွားနို့သောက်ပေးသင့်သည်။ သွေးနီဥနည်းသောသူများလည်း နို့နှင့် နို့ထွက်ပစ္စည်းများ စားပေးသင့်သည်။

နာလန်ထစ ခံတွင်းပျက်သူများအတွက် လက်တစ်ဆုပ်စာပမာဏရှိသော မြင်းခွာရွက်ပင်များကို အမြစ်ပါအောင်နုတ်၍ ရေစင်စင်ဆေးပြီးနောက် နွားနို့ ၂၅ ကျပ်သားနှင့်ရောပြုတ်ကျိုပြီး ရလာသောဆေးရည်ကို တစ်ဝက်တိတိခွဲ၍ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပေးခြင်းဖြင့် လျင်မြန်စွာအင်အားဖြစ်လာပြီး စားဝင်အိပ်ပျော်လာပါလိမ့်မည်။ (နာတာရှည် အိပ်မပျော်သူများအနေဖြင့်လည်း ထိုဆေးရည်ကို တစ်နေ့ နှစ်ကြိမ်သောက်ပေးခြင်းဖြင့် အိပ်ဆေးမလိုအပ်ဘဲ နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်သည်)


မြင်းခွာရွက်မှုန့်ကို နွားနို့၊ သကြားတို့နှင့် ရောသောက်ပေးခြင်းဖြင့် ဦးနှောက်ကြည်လင်၍ မှတ်ဉာဏ်အားကောင်းစေသည်။ အရွယ်မတိုင်မီ ဆံပင်မဖြူစေရန်အတွက် ချိစ်၊ ဆိတ်နို့၊ နွားနို့၊ ဒိန်ချဉ် စသည့်နို့နှင့်နို့ထွက်ပစ္စည်းများ စားပေးသင့်ပါသည်။

❖ နွားနို့တွင် ပရိုတင်း၊ ဗီတာမင်ဘီ၊ ဗီတာမင်ဒီနှင့် သတ္တုဓာတ်အမျိုးမျိုးတို့အပြင် အော်ဂဲနစ်ဓာတ်ပေါင်းစုများ မြင့်မားစွာပါရှိနေသဖြင့် ကာယအားနှင့် ဉာဏအားကိုဖြစ်စေသည့်အတွက် အရွယ်သုံးပါးမရွေး သောက်သုံးသင့်သော အာဟာရပြည့် ဖြည့်စွက်စာဖြစ်သည်။ နွားနို့ထဲတွင် ကယ်လ်စီယမ်၊ ပရိုတင်းတို့အပြင် ဗီတာမင်အီး၊ စီလီနီယမ်၊ ဇင့်ကဲ့သို့သော ခန္ဓာကိုယ်အကျိုးပြု ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါရှိနေ၍ ကိုယ်ခံစွမ်းအားကို အထူးကောင်းမွန်စေသည့်အပြင် ခန္ဓာကိုယ်ကို ဆိုးကျိုးဖြစ်စေသော ဖရီးရယ်ဒီကယ်လ်များအန္တရာယ်မှ ခုခံကာကွယ်ပေးနိုင်သည်။ ❖

0w Kw M @

# စာမျက်နှာမှားခဲ့သောဘဝ

မောင်လွှား(ဝမ်းတွင်း)




(၁)

မှိန်ဖျော့ဖျော့အလင်းရောင်ကို အနက်ရောင်ခြုံလွှာလေး တဖြည်းဖြည်းနှင့်လွှမ်းခြုံလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အလင်းတန်းများပျောက်ဆုံးကာ အရာရာအမှောင်အတိပင်။ အမှောင်ဆိုတာ ကျွန်မအတွက်တော့ မထူးဆန်းတော့ပေ။ ညအမှောင်ကဲ့သို့ပင် ဘဝကလည်း မှောင်အတိပင်။ သည်နေ့ အဖေ့အိမ်မှအပြန် အမှောင်ထဲတွင် ဆိုင်ကယ်မီးကို အားပြု၍ ကျွန်မအိမ်သို့ ဖြည်းညင်းစွာ မောင်းနှင်လာနေမိသည်။ သွားလာနေကျလမ်းဖြစ်သောကြောင့် စိုးရိမ်ကြောင့်ကြမှု အလျှင်းမရှိပေ။ အဖေ့ကို အားလျှင်အားသလို ကူညီလုပ်ကိုင်ပေးနိုင်သောကြောင့် ကျွန်မပျော်ရွှင်နေမိသည်။ အဖေ့အိမ်ကိုရောက်လျှင် ကျွန်မအလိုလိုပင် စိတ်ချမ်းသာပျော်ရွှင်နေမိသည်။ ဖြစ်နိုင်လျှင် အဖေ့အိမ်၌ပင် တစ်သက်လုံးနေချင်နေမိသည်။ သို့သော် ကျွန်မဖြစ်ချင်သလို ဖြစ်နိုင်တော့မည်မဟုတ်ပေ။

"ဒေါ်နွေဦး ပြန်လာပြီလား"

ခက်ထန်မာကျောသောလေသံဖြင့် မေးသော ကျွန်မယောက်ျား၏အမေးကို ကျွန်မခေါင်းညိတ်ပြ၍ ဆိုင်ကယ်ကို အိမ်ထဲသို့ တွန်းတင်လိုက်သည်။

"ဘယ်အချိန်ရှိနေပြီလဲ။ မှောင်နေပြီ။ အလုပ်မရှိဘူးဆိုပြီး လျှောက်သွားမနေနဲ့။ လုပ်ချင်ရင် အိမ်မှာအလုပ်တွေတစ်ပုံကြီး"

"မဟုတ်ပါဘူး။ အဖေ့အိမ်မှာ အလုပ်ရှုပ်နေတယ်ဆိုလို့ သွားကူလုပ်ပေးတာပါ"ဟု ကျွန်မ ခပ်မာမာလေသံဖြင့် ပြန်ပြောလိုက်သည်။

"ဟ ဒီမှာလဲ လုပ်စရာအလုပ်တွေ ရှိတယ်လေ။ မင်းမလုပ်တော့ အမေ့မှာလုပ်နေရပြီ။ အဲဒါ မင်းမသိဘူးလား"

ကျွန်မ ဘာမျှပြန်မပြောဘဲ အိပ်ခန်းထဲသို့ဝင်လိုက်သည်။ ထမင်းစားနေသော ကျွန်မယောက်ျား၏ အဖေနှင့်အမေကလည်း ကျွန်မတို့ကို ဂရုမစိုက်။ တစ်ခွန်းမျှပင် ဝင်မပြောပေ။ မကြားချင်ယောင်ဆောင်နေကြသည်။ ကျွန်မ ကိုယ့်ကိုယ်ကိုယ် မုန်းမိသည်။ ပြန်တွေးလိုက်မိတိုင်းလည်း ဖြစ်ပျက်ခဲ့သောအရာရာတိုင်းကို အလိုမကျစိတ်များ ကြီးစိုးလာသည်။ ကျွန်မ မကြားဘူးအထင်ဖြင့် တိုးတိုးသာသာပြောနေသောအသံကတစ်မျိုး၊ ကျွန်မကြားအောင် အော်ပြောနေသော ယောက်ျားဖြစ်သူ၏အသံကတစ်ဖုံ ထိုအသံများအားလုံးကို လျစ်လျူရှု၍ ကျွန်မအတွေးများကို ရှက်လွှင့်ပစ်လိုက်သည်။

(၂)

"ဟာ အဖေ့သမီးကျောင်းဆရာမကြီး ကျောင်းကပြန်လာပြီပေါ့"

အဖေ၏ပြုံးစစအမေးကို ကျွန်မအပြုံးနှင့်ပင် ပြန်လည်တုံ့ပြန်လိုက်သည်။

"အေးကွယ် အဖေကလဲ အဖေ့သမီးကို လုပ်အားပေးဆရာမဘဝကနေ နိုင်ငံတော်က အတည်ခန့်တဲ့ နိုင်ငံ့ဝန်ထမ်းတစ်ယောက် ဖြစ်စေချင်လိုက်တာ"

"အဖေရယ် စိတ်မကောင်းမဖြစ်ပါနဲ့။ သမီးလဲ သမီးဝါသနာပါတဲ့ ကျောင်းဆရာမကို မဖြစ်ဖြစ်အောင် ကြိုးစားမှာပါအဖေ။ မာပါတယ်ဆိုတဲ့ ပျဉ်တွေတောင် သူ့ထက်မာတဲ့သံမှိုနဲ့တွေ့ရင် နေရာဖယ်ပေးရသေးတာပဲ အဖေရယ်။ သမီးစိတ်ဓာတ်ကမာပါတယ်။ ဩော်. . . ဒါနဲ့အဖေ သမီးမနက်ဖြန်ကစပြီး ကျောင်းမသွားတော့ဘူး။ ရွာကျောင်းကို အသစ်ခန့်ဆရာမနှစ်ယောက် ရောက်လာပြီအဖေ"

"ဟုတ်လား။ အဲဒါဆို သမီးလဲ အဖေ့တောင်သူလုပ်ငန်းမှာ နိုင်သလောက်ဝင်ကူလုပ်ပေါ့"

"လုပ်ရမှာပေါ့ အဖေရယ်။ ဒါသမီးတို့ မိရိုးဖလာအလုပ်ပဲလေ"

"ဒီနှစ်တောင်သူစရိတ်ကိုလဲ သမီးအစ်ကို မောင်ချစ်ထူးက ကူညီမယ်တဲ့။ သူရှိနေတဲ့နောက်တော့ ဘယ်သူ့ဆီမှသွားမရှာနဲ့တဲ့"

ကျွန်မ အဖေ့ပြောစကားကို နားထောင်၍ အဖေနှင့်လုပ်ဖော်ကိုင်ဖက်ဖြစ်သော အစ်ကိုကြီးချစ်ထူးကို ကျေးဇူးတင်နေမိသည်။ တခြားမှာ တောင်သူစရိတ်ရှာရန် မလွယ်ပေ။ အတိုးနှုန်းက ကြီးသည်။ အတိုးမဲ့ဖြင့် အချိန်အကန့်အသတ်မရှိကူညီသော အစ်ကိုကြီးရှိနေသောကြောင့်သာ အဆင်ပြေနေသည်။ အိမ်ဆောက်စဉ်ကလည်း အပြီးမသတ်နိုင်သော ကျွန်မတို့အိမ်ကို လိုအပ်သည့်အရာများ ငွေကြေးအကုန်ကျခံကာ ကူညီခဲ့သည်။ အဖေကလည်း အစ်ကိုကြီးချစ်ထူးဝယ်လိုသောသီးနှံများကို လိုလျှင်လိုသလောက် မရရအောင်လိုက်ဝယ်ပေးသည်။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဟု ဆိုရမည်ဖြစ်သည်။

"နွေဦး နင်နဲ့ကိုချစ်ထူးနဲ့ ရည်းစားတွေဖြစ်နေကြတာဆို။ ယူတော့မှာလို့ကို သတင်းကြားနေလို့"

တစ်ရွာတည်းနေ အစ်မတစ်ဦး၏ အမေးစကားဖြစ်သည်။

"မဟုတ်ပါဘူး အစ်မရယ်။ မိတ်ဆွေတွေပါ။ ကျွန်မမှာ ချစ်သူရှိမှန်း အစ်မတို့လဲသိလျက်သားနဲ့"

"အေးဟယ် ငါကြားတဲ့စကားက ကိုချစ်ထူးက နင့်ကိုကြိုက်နေတာတဲ့။ အဲဒါကြောင့် အကျိုးလိုလို့ ညောင်ရေလောင်းနေတာတဲ့။ အဲဒီစကားက ရွာထဲမှာ ပျံ့နေတာဟ"

ကျွန်မဖြေသောစကားကိုပင် ယုံကြည်မှုမရှိကြလေသလားမသိ။ ကျွန်မတို့သားအဖနှစ်ဦးနှင့် အစ်ကိုကြီးချစ်ထူး၏ဆက်ဆံရေးကို သွားပုပ်လေလွင့် ပြောဆိုကြသော ပတ်ဝန်းကျင်၏စကားသံများက တစ်နေ့တစ်မျိုး မရိုးနိုင်အောင်ပင်ရှိသည်။ သို့သော် ကျွန်မဂရုမစိုက်ပေ။ ကျွန်မတို့၏ဆက်ဆံရေးကို ကျွန်မတို့အသိဆုံးပင်။ ကျွန်မ ကိုယ့်လိပ်ပြာကိုယ်လုံသည်။

(၃)

ကျွန်မ မောင့်ကိုသတိရနေမိသည်။ ပတ်ဝန်းကျင်၏ သွားပုပ်လေလွင့်ပြောစကားကြောင့်များလားတော့ မသိပေ။ ကျွန်မ မောင့်ကိုချစ်သည်။ ချစ်သူသက်တမ်းမှာလည်း သုံးနှစ်သုံးမိုးပင် မကတော့ပေ။ အစ်ကိုချစ်ထူးနှင့် မိတ်ဆွေဖြစ်သည့်အကြောင်း၊ ပတ်ဝန်းကျင်၏ သွားပုပ်လေလွင့်ပြောစကားများကို အရေးမပါသောအကြောင်းများဟုယူဆကာ မောင့်ကိုမပြောခဲ့ပေ။ မောင်စိတ်ပူနေမည်စိုးသည်ကတစ်ကြောင်း၊ နှလုံးသားနှင့်ဦးနှောက်ကိုအသုံးပြု၍ လုပ်ရသော မောင့်ရဲ့ စာရေးဆရာအလုပ်ကို အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်သောကြောင့်ကတစ်ဖုံ ထိုအကြောင်းများကြောင့် မပြောဖြစ်ခဲ့ခြင်းဖြစ်သည်။ သို့သော် မဟုတ်မမှန်သောသတင်းက ပို၍ပျံ့နှံ့လွယ်သည်ဟုဆိုရမည်။ ဘယ်လိုလုပ် ထိုသတင်း မောင်သိသွားသည်ကို မသိပေ။ ကျွန်မဆီ ဒေါသတကြီးဖုန်းဆက်လာသည်။

"ဟယ်လို နွေလား"

"အင်း ပြောလေမောင်"

"မောင် နွေနဲ့ ကိုချစ်ထူးဆိုတဲ့လူရဲ့သတင်းတွေ ကြားနေတယ်နော်။ နွေ မောင့်ကိုလမ်းခွဲချင်ရင်လဲ ကြိုပြောနော်။ မောင့်ကွယ်ရာမှာတော့ မောင့်ကိုသစ္စာမဖောက်နဲ့"

မောင့်ရဲ့ဘုဆတ်ဆတ်နှင့်ပြောသော လေသံမာမာကိုနားထောင်၍ ကျွန်မ မောင့်ကို ပျာပျာသလဲ ရှင်းပြလိုက်မိသည်။

"မဟုတ်ပါဘူး မောင်ရယ်။ မောင်လဲ သိလျက်သားနဲ့။ အစ်ကိုချစ်ထူးက အဖေနဲ့အလုပ်အတူတူလုပ်တဲ့ အဖေ့မိတ်ဆွေလေ။ နွေနဲ့က ဘာမှမပတ်သက်ဘူး။ အဝေးကြီး မောင်"

"အင်းပါ မပတ်သက်ရင်လဲပြီးတာပါပဲ။ ပြီးမှ ဘာသံညာသံမကြားချင်ဘူး"

ကျွန်မ မောင့်ကို မကြားစေရဘူးဟု ကတိပေးလိုက်သည်။ ထို့နောက် မောင်နှင့်ကျွန်မ လေလှိုင်းထဲကနေ လေပြည်သွေး၍ ချစ်ခွန်းတုံ့တင်ပြောဆိုကြကာ ဘဝရှေ့ရေးအတွက် အစီအစဉ်များ ရေးဆွဲကြသည်။ မောင်နှင့်လက်ထပ်ပြီးလျှင် မောင့်အိမ်လိုက်နေရန် ကျွန်မဆုံးဖြတ်ထားသည်။ ရပ်ဝေးတွင် အလုပ်လုပ်နေသော ညီမလေးကိုပြန်ခေါ်၍ အဖေနှင့်ထားခဲ့မည်ဟု စိတ်ကူးထားကြောင်း ဖုန်းပြောတိုင်းပြောဖြစ်သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ကျွန်မ အဖေ့ကို ဒေါ်လေးကနေတစ်ဆင့် ပြောထားသည်။ မောင့်ကို သိပ်ချစ်သည်။ မောင်က ကျောင်းဆရာ၊ စာပေလမ်းပေါ် ကြိုးစားလျှောက်နေသည့်စာရေးဆရာပီပီ စိတ်ထားကောင်းသည်။ အပြောအဆိုယဉ်ကျေးသည်။ စကားကို လိမ္မာပါးနပ်စွာပြောဆိုတတ်သည်။ သက်တူရွယ်တူဖြစ်သော်လည်း ကျွန်မကို အစ်ကိုတစ်ယောက်ကဲ့သို့ ဆုံးမလေ့ရှိသည်။ တစ်ခါတစ်ရံ သူ့စိတ်အလိုမကျသည့်အခါမျိုးတွင် ဒေါသထွက်တတ်သည်။ သို့သော် သူ့အသိစိတ်နှင့်သူ ဖြေလျှော့တတ်သည်။ ကျွန်မပစ္စည်းဥစ္စာမမက်။ ထိုအချက်များကြောင့် မောင့်ကို ကျွန်မဘဝ၏လက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

(၄)

ပတ်ဝန်းကျင်က ထင်သည့်အတိုင်း "အကျိုးလိုလို့ ညောင်ရေလောင်းနေတာ"ဟူသောစကားက တကယ်ဖြစ်လာခဲ့သည်။ အစ်ကိုချစ်ထူး ကျွန်မအိမ်သို့လာ၍ ကျွန်မကို ဖွင့်ပြောလာသည်။

"ညီမလေး ညီမလေးကို အစ်ကိုချစ်တယ်။ မိသားဖသားပီပီ ဦးလေးဆီက ညီမလေးကိုတောင်းရမ်းလက်ထပ်ယူမယ်။ အစ်ကို့ကို စဉ်းစားပေးပါနော် ညီမလေး"

ကျွန်မအိမ်သို့လာ၍ မျက်နှာပြောင်တိုက်ကာ ပြောသော အစ်ကိုချစ်ထူးကြောင့် ကျွန်မဒေါသများ ထောင်းခနဲထွက်လာသည်။ ကျွန်မ သူ့ကို ပတ်ပတ်စက်စက် ပြောပစ်လိုက်ချင်သည်။ သို့သော် ပြော၍မဖြစ်။ သူ့ဆီကယူထားသောငွေကြေးများ ချက်ချင်းပြန်တောင်းလျှင် ပြန်ပေးနိုင်မည်မဟုတ်ပေ။ ကျွန်မအတွက်နှင့် အဖေစိတ်ဆင်းရဲရမည်ကို မဖြစ်စေချင်။ ကျွန်မဒေါသများကိုထိန်းကာ ယဉ်ကျေးစွာငြင်းလိုက်သည်။

"မဖြစ်နိုင်ပါဘူး အစ်ကို။ ညီမလေးမှာ ချစ်သူရှိတယ်။ လက်ထပ်ဖို့လဲ ရည်ရွယ်ထားပြီးသားပါ"

အစ်ကိုချစ်ထူး ဘာမျှဆက်မပြောတော့သောကြောင့် ကျွန်မစိတ်သက်သာရာ ရခဲ့သည်။ သို့သော် ထိုအကြောင်းက အတောမသတ်ပေ။ ကျွန်မအဒေါ်များကို ဘာမက်လုံးများ ပေးထားသည်မသိ အဒေါ်များက အစ်ကိုချစ်ထူးနှင့်လက်ထပ်ရန် အတင်းတိုက်တွန်းနေကြသည်။ ကျွန်မစိတ်ပျက်မိသည်။ ကျွန်မမှာ ရည်ရွယ်ထားသောချစ်သူရှိမှန်းလည်း သူတို့သိကြသည်။ သို့သော် ကျွန်မလက်မခံ။ အပြတ်ငြင်းလိုက်သည်။

(၅)

သည်နေ့နံနက် ကျွန်မအိပ်ရာစောစောထ၍ ချက်ပြုတ်ကာ ရွာဦးကျောင်းသို့ ဆွမ်းသွားပို့လိုက်သည်။ ရွာဦးကျောင်းမှ ပြန်ရောက်သည်နှင့် လယ်တောသို့စောစောထွက်နိုင်ရန် နံနက်စာအမြန်ပြင်ပြီး အဖေနှင့်အတူ နံနက်စာစားသည်။ နံနက်စာ စားပွဲဝိုင်းတွင် အဖေနှင့် ကျွန်မ စကားဖောင်ဖွဲ့ကာ ပြောနေမိသည်။ နောက်ဆုံး အဖေပြောလိုက်သောစကားသည် ကျွန်မရင်တစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားသည်။

"ငါ့သမီးကို အဖေ အိမ်ထောင်ပြုစေချင်ပြီ။ မောင်ချစ်ထူးက ငါ့သမီးကို လက်ထပ်ချင်ကြောင်း အဖေ့ကိုဖွင့်ပြောတယ်သမီး။ အဖေလဲ သမီးကိုပြောလိုက်အုံးမယ်လို့ ပြန်ပြောလိုက်တယ်"

စာမျက်နှာ ၂၇သို့ ➤

# လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးတွင် သီတင်းကျွတ်ရက်များ၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဆီမီးတစ်ထောင်ပူဇော်ပွဲနှင့် စတုဒိသာအကျွေးအမွေးများ ပြုလုပ်မည်



**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)တွင် သီတင်းကျွတ်ရက်များ၌ သံဃာတော်အပါး ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဆီမီးတစ်ထောင်ပူဇော်ပွဲနှင့် စတုဒိသာ အကျွေးအမွေးတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့ဝင် ဦးတင့်လွင်က ပြောပြ၍ သိရသည်။

သီတင်းကျွတ်လပြည့်နေ့တွင် အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့မှ ဆရာတော်ကြီး ခုနစ်ပါးနှင့်အတူ အင်းစိန်မြို့နယ်ရှိ ကျောင်းတိုက်ကြီးငါးတိုက်နှင့် မရမ်းကုန်းမြို့နယ်ရှိ ကျောင်းတိုက်ကြီးခြောက်တိုက် စုစုပေါင်းကျောင်းတိုက်ကြီး ၁၁ တိုက်မှ ရဟန်းသံဃာများအပါအဝင် စုစုပေါင်းသံဃာတော်အပါး ၄၅ ပါးတို့ကိုဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ သီတင်းကျွတ်အဖိတ်နေ့မှ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်ထိ ဆီမီးတစ်ထောင်ပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့တွင် မုန့်ဟင်းခါးနှင့် မုန့်လက်ဆောင်း စတုဒိသာကျွေးမွေးခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ်လပြည့်နေ့မှာ သံဃာတော်အပါး ၄၅ ပါးကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပသွားမှာပါ။ ဒ့ါပြင် သီတင်းကျွတ်လပြည့်နေ့မှာပဲ ဘုရားဖူးလာကြတဲ့သူတွေကို စတုဒိသာကျွေးမွေးခြင်းတွေကိုလဲ ဆောင်ရွက်သွားမှာပါ။ ဆီမီးတစ်ထောင်ပူဇော်ပွဲက သီတင်းကျွတ်အဖိတ်နေ့ကနေ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်ထိ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်"ဟု ဦးတင့်လွင်က ပြောပြ၍ သိရသည်။

**မိုးယံ(ဥက္ကလာ)**

# မြန်အောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြန်အောင် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာနှစ်ရွာ၌ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များနှင့်အတူ အုတ်ပုံကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၃၉၅၄ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် လဲခုံလေးကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ချောင်းကျောက်ခင်းခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။



အဆိုပါလုပ်ငန်းများကို VDP စီမံကိန်းရန်ပုံငွေကျပ် သန်း ၂၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၅၂ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သံသာ**

➤ စာမျက်နှာ ၂၆မှအဆက်

"အဖေကလဲ သမီးမှာ ရည်ရွယ်ထားတဲ့သူရှိတယ်ဆိုတာ သမီး အဖေ့ကို အသိပေးပြီးသားလေ"

"ငါ့သမီးရယ် လောကမှာ အချစ်တစ်ခုတည်းရှိနေရုံနဲ့ ဘဝကိုဖြတ်သန်းဖို့ အဆင်မပြေဘူး။ ငါ့သမီးလဲ ပညာတတ်ပဲလေ။ ကျောင်းဆရာလစာတစ်ခုတည်းနဲ့ ငါ့သမီးတို့အဆင်ပြေမှာတဲ့လား။ စဉ်းစားပေါ့သမီးရယ်။ မောင်ချစ်ထူးက စိတ်ဓာတ်ခိုင်မာပြီး ထူးချွန်တဲ့လူငယ်တစ်ယောက်ပါ။ ပြီးတော့ အဖေတို့ မောင်ချစ်ထူးကိုပေးစရာအကြွေးတွေ အများကြီးရှိတယ်။ အဖေက အကြွေးကြောင့် ငါ့သမီးကိုပြောနေတာ မဟုတ်ဘူးနော်။ အဲဒီအကြွေးကို အဖေ့ဘာသာအဖေဆပ်လို့ရတယ်။ အဖေက ငါ့သမီးကို မခွဲနိုင်ဘူးသမီးရယ်။ သမီးညီမလေးက သူ့အလုပ်နဲ့သူလေ။ အလုပ်တစ်ခုရဖို့ဆိုတာလွယ်တာမှမဟုတ်တာ"

ကျွန်မ အဖေ၏ပြောစကားများကို နားထောင်၍ ရင်ထဲဆို့နင့်ကာ ဘာမျှပြန်ပြောနိုင်စွမ်းမရှိ။ စီးကျလာသောမျက်ရည်များကိုသာ အတွင်းတွင် သုတ်နေမိသည်။

"မိဘဆိုတာ ကိုယ့်သားသမီးကို ဆင်စီးပြီးမြင်းရံစေချင်ကြတာ သဘာဝပဲလေ။ တစ်ခါတစ်ခါကျတော့လဲ မာပြီးချွန်ထက်နေတဲ့ အချို့သံချောင်းတွေက ပျဉ်ပြားတစ်ခုနဲ့တစ်ခုကို မြဲမြဲအောင် ဂဟေဆက်ပေးကြတယ်။ ငါ့သမီးက ပညာတတ်ပဲ။ စဉ်းစားပေါ့ သမီးရယ်"

အဖေ၏ ဝမ်းနည်းစွာဖြင့်ပြောသောအသံကိုနားထောင်၍ အဖေ့ကို သနားနေမိသည်။ မောင့်ကိုလည်း သိပ်ချစ်သည်။ ဘာလုပ်ရမှန်းကိုပင် မသိတော့။ ကျွန်မ တရှုံ့ရှုံ့မြည်အောင်ပင် ငိုကြွေးနေမိသည်။

(၆)

"နွေဦး ငါ့ရစရာရှိတာတွေကော တောင်းထားပြီလား"

ကျွန်မအတွေးများ ဘယ်လောက်ကြာသွားသည်ကိုပင် မသိတော့ချေ။ ကျွန်မယောကျ်ား အခန်းအပြင်က စကားလှမ်းအော်ပြောမှ အတွေးများ ရပ်တန့်ကာ အသိသတိကပ်လာသည်။ ကျွန်မ ခပ်မာမာပြန်ပြောလိုက်သည်။

"ပြောထားတယ်။ အဆင်ပြေအောင်လုပ်ပေးမယ်တဲ့"

"အေး အဲဒါလေးတော့ အဆင်ပြေအောင်လုပ်ပေးအုံးလို့ပြောလိုက်။ နင်တို့အိမ်ဆောက်တုန်းက ငါစိုက်ထည့်ပေးထားတဲ့ ပိုက်ဆံတွေလဲ ပြန်မယူတော့တာ နင်အသိပဲ"

ကျွန်မ သူ့စကားကိုနားထောင်ရင်း မျက်ဝန်းမှ အလိုလိုစီးကျလာသောမျက်ရည်များကို လက်ချောင်းများနှင့်ပင့်သုတ်ကာ အဖေသာအနားမှာရှိလျှင်ဟူသောအတွေး ဦးစွာတွေးမိသည်။ ဆက်၍လည်း-

"အဖေရယ် အဖေက သမီးဘဝကိုမြင့်စေချင်လို့ အဖေရေးပေးခဲ့တဲ့ ဘဝအကွရာက ကျောက်သားထက်မှာ ရေးခဲ့တာမဟုတ်ပါဘူးအဖေ။ လေဒဏ်မိုးဒဏ်မခံနိုင်တဲ့ မြေပြင်ပေါ်မှာ ရေးခြစ်ခဲ့တာပါ။ အခု အားလုံးပျက်သုဉ်းသွားခဲ့ပါပြီ။ အချို့အချို့သောသံချောင်းတွေကလဲ ပျဉ်ပြားတစ်ခုနဲ့တစ်ခု ဂဟေဆက်ပေးသလိုလိုနဲ့ သူတို့ရဲ့ချွန်ထက်နေတဲ့အရာတွေနဲ့ ပျဉ်ပြားတွေကို အက်ကွဲသွားအောင်ခွဲပစ်တတ်တယ်ဆိုတာကော အဖေ မစဉ်းစားမိခဲ့လေသလား အဖေရယ်"ဟု ကျွန်မ အတွေးအမျှင်တန်းနေမိပါတော့သည်။

# အညာဝါကျွတ်ပွဲ

- မိုးလေကင်းလွတ် သီတင်းကျွတ်ချိန်ခါ
  တိမ်မှောင်မြူကင်း လမင်းထိန်ထိန်သာ
  ရွာဦးကန်သာ ရွှေကြာထုံသင်း
  မီးမြင်းမိုရ်ပွဲ ပေါင်းဆုံနွှဲ
  ခြိမ့်သဲမြိုင်မြိုင် ကျင်းသည်နှင့်လေး။

- လယ်ယာစိုက်ခင်း မှည့်ဝင်းရွှေရောင်ဖြာ
  သီးနှံအထွက်တိုး ဖွံ့ဖြိုးတို့ပြည်ရွာ
  ဓလေ့ရိုးရာ စဉ်လာထိန်းသိမ်း
  သက်ကြီးမိဘ ကန်တော့ကြ
  ချမ်းမြရင်မှာ ငြိမ်းသည်နှင့်လေး။

- ဝါစိမ်းနီမြန်း မီးပန်းရောင်စုံဖြာ
  ဘုရားတန်ဆောင်း ဂူကျောင်းမကျန်ပါ
  ဝါကျွတ်ချိန်ခါ ရွာကိုသတိရ
  မိဘမျက်နှာ မြင်ယောင်လာ
  စိတ်မှာမှန်းဆ ကန်တော့ရသည်နှင့်လေး။

- ကြည်လင်ရွှန်းမြ လပြည့်ညချိန်ခါ
  ဗုဒ္ဓတရားမင်း သက်ဆင်းလှူပြည်ရွာ
  လူနတ်ဗြဟ္မာ ပူဇော်ဂါရဝ
  သံသရာဘေး လွတ်မြောက်ရေး
  မြော်တွေးကန်တော့ကြသည်နှင့်လေး။

- ရိုးသားဘဝကျေနပ်ကြ ဒေသအညာဖြစ်တော့သည်။
  ဘိုးဘွားမိဘမှန်းမျှော်ဆ ဦးချကန်တော့လိုက်ပါသည်။

**မောင်ထည်ဝါ(ပျော်ဘွယ်)**

# မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေသတ္တမအကြိမ် ထုတ်ချေးပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းရန်ပုံငွေများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူသုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁၂ ဒသမ ၅ သိန်း ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ယခုနှစ် အောက်တိုဘာလတွင် စက်မှုကုန်ကြမ်းခွဲသားသစ်များနှင့် သစ်လုံးတန်ချိန် ၆၀၀၀ ကျော်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်



**ရန်ကုန် အောက်တိုဘာ ၆**

ယခုနှစ် အောက်တိုဘာလတွင် စက်မှုကုန်ကြမ်းခွဲသားသစ်နှင့် သစ်လုံးတန်ချိန် ၆၀၀၀ ကျော်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း၏ သတင်းများအရ သိရသည်။

ယခုအခါ မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုများကို ကာကွယ်ဆောင်ရွက်နိုင်ရေးနှင့် မြန်မာ့သစ်တောများ ပြန်လည်စိမ်းလန်းရှင်သန်လာစေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေသည့် သစ်တောစီမံ အုပ်ချုပ်လုပ်ကိုင်မှုစနစ်ဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သစ်သယံဇာတထုတ်ယူသုံးစွဲနေမှုများကိုလည်း သစ်တောကာကွယ်ထိန်းသိမ်းခြင်းကို ဦးစားပေး၍ အကန့်အသတ်ဖြင့် အနည်းဆုံးလိုအပ်ချက်ကိုသာ ထုတ်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ထုတ်ယူဆောင်ရွက်မှုများမှ ထုတ်လုပ်ထွက်ရှိလာသော သစ်များကိုလည်း တန်ဖိုးမြှင့်သစ်အချောထည်များအဖြစ် ထပ်မံထုတ်လုပ်ဖြန့်ဖြူးရောင်းချကာ ပြည်တွင်း၊ ပြည်ပဝင်ငွေများ ရှာဖွေပေးနေသည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနက စက်မှုကုန်ကြမ်း ကျွန်း၊ သစ်သားသစ်လုံး၊ ခွဲသား ၆၁၈၁ တန်ကို တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊ အင်းစိန်မြို့နယ် ရန်ကုန်မြို့တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နံနက် ၈ နာရီ မိနစ် ၃၀ မှ စတင်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်ရောင်းချပေးမည့်နေ့ရက်ပြောင်းလဲမှုရှိပါက ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါအိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း၏ ဝက်ဆိုက်ဖြစ်သည့် www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း မြန်မာ့သစ်လုပ်ငန်း၏ သတင်းများအရ သိရသည်။ (၃၃၆)

# မြို့သစ်မြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မြို့သစ် အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများအတွက် စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရေး အတိုးနှုန်းသက်သာစွာဖြင့် စီမံကိန်းရန်ပုံငွေ ပံ့ပိုးပေးရန် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်၊ မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြေပြင်သာ၊ ကံကြီးကုန်း(တောင်)၊ နဘဲကုန်း၊ တလုပ်ပင်ကျေးရွာ လေးရွာအတွက် တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၄၀၀ ကို သက်ဆိုင်ရာကျေးရွာကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ကြကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ပိုင်းအားသာချက်ရှိတဲ့ စပါး၊ အင်တာမီလန်၊ အေတီကိုအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



လက်ရှိ ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ်(၈) ကျော်လာတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာတာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အမှတ်ပေးပွဲစဉ်တွေမနားမီ အသင်းကြီးတွေအနေနဲ့ ရလဒ်ကောင်းဖို့ ကြိုးစားနေတာကြောင့် အသင်းကြီးပွဲစဉ်တွေကို အဓိကထားအားပေးရမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ကြားရက်မှာ ဥရောပပြိုင်ပွဲတွေရှိနေတာကြောင့် ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းတွေကို သတိထားချဉ်းကပ်ရအုံးမှာပါ။ ဒါကြောင့် လာမဲ့စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက အမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ အသင်းကြီးတွေနဲ့ တိုက်စစ်ပိုင်းအားသာချက်ရှိတဲ့အသင်းတွေကိုသာ ရွေးချယ်သွားရမှာပါ။

## စပါးအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဘရိုက်တန်အသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ ဘရိုက်တန်အသင်းဟာ နည်းပြ ဂရာဟမ်ပေါ်တာထွက်ခွာသွားပေမဲ့ နည်းပြဒီဇာဘီကို ပြန်လည်ခန့်အပ်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြသစ် ဒီဇာဘီကတော့ ပြီးခဲ့တဲ့လီဗာပူးအသင်းနဲ့ အဝေးကွင်းပွဲစဉ်မှာ ကစားသမားစုဖွဲ့မှုသာလွန်တဲ့ လီဗာပူးကို အဝေးကွင်းမှာအပြန်အလှန်သွင်းဂိုးတွေနဲ့ သရေတစ်မှတ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းပေမဲ့ အသင်းလိုက် ကစားအားကောင်းတာကြောင့် ခြေရည်တူအသင်းတွေဆို အသာစီးရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာတော့ ရှစ်ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၄) ရောက်ရှိနေပြီး မန်ယူ၊ ချဲလ်ဆီး၊ လီဗာပူးတို့ရဲ့အထက်မှာ ရမှတ်အသာနဲ့ ဦးဆောင်နေတာကို တွေ့ရမှာပါ။ လက်ရှိနည်းပြသစ်ကတော့ နောက်တန်းသုံးယောက်နဲ့ကစားတဲ့ကစားကွက်ကို ပြောင်းလဲခြင်းမရှိပေမဲ့ အထောင်တိုက်စစ်မှာတော့ ထရက်ဆိုနဲ့ဝဲလ်ဘက်တို့ကို အသုံးပြုလာခဲ့တာဖြစ်ပါတယ်။ ထရက်ဆိုကတော့ ဘရိုက်တန်အသင်းတိုက်စစ်ကို ဦးဆောင်နေပြီး သွင်းဂိုးငါးဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ စပါးလို ကစားသမားအင်အားသာလွန်တဲ့အသင်းနဲ့တွေ့ဆုံရမှာဖြစ်လို့ ခံစစ်ပိုင်းရုန်းကန်ရမှာဖြစ်သလို တိုက်စစ်ပိုင်းဂိုးပြန်မသွင်းနိုင်ရန် ရှုံးနိမ့်ဖို့သေချာပါတယ်။

နည်းပြကွန်တီရဲ့ စပါးအသင်းဟာ ရှစ်ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ရှုံးပွဲတစ်ပွဲသာရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းရှုံးနိမ့်ခဲ့တာကလဲ ပြီးခဲ့တဲ့ ဒါဘီပွဲစဉ်မှာ အာဆင်နယ်ကိုတစ်ယောက်လျှော့နဲ့ကစားခဲ့ရလို့ ရှုံးပွဲကြုံခဲ့ရပြီး ပထမဆုံးအမှတ်ပေးရှုံးပွဲနဲ့ ရင်ဆိုင်ခဲ့ရတာကို တွေ့ရမှာပါ။ ဒါကြောင့် နည်းပြကွန်တီဟာ အခုလို ကစားသမားစုဖွဲ့မှု အားနည်းတဲ့အသင်းနဲ့တွေ့ဆုံချိန်မှာ ရမှတ်ပြည့်ရရှိဖို့လိုနေတာကြောင့် မဖြစ်မနေတိုက်စစ်မြှင့်လာမှာသေချာပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲဆက်နိုင်ပွဲမရခဲ့ဘူးဆိုပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာ တစ်ပွဲပဲရှုံးနိမ့်ခဲ့တာကို သတိပြုရမှာပါ။ နည်းပြကွန်တီရဲ့ကစားကွက်အခင်းအကျင်းဟာ ခံစစ်ပိုင်းအပြစ် ပြောစရာမရှိပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ တိုက်စစ်ပိုင်းဂိုးရဖို့ ခက်ခဲနေဆဲဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ကွန်တီအနေနဲ့ တိုက်စစ်ပိုင်းလိုအပ်ချက်တွေကို ပြင်ဆင်နိုင်ခဲ့မယ်ဆိုရင် ခံစစ်ပိုင်းပေးဂိုးများနေတဲ့ ဘရိုက်တန်အသင်းကို နိုင်ပွဲရမှာသေချာပါတယ်။ ဒါ့ပြင် နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ စပါးအသင်းအတွက် ဖိအားအောက်ကျရောက် နေတာကြောင့် အခုပွဲစဉ်ဟာ မဖြစ်မနေနိုင်ပွဲရှာရမဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ဒါကြောင့် မဖြစ်မနေနိုင်ပွဲရှာရမဲ့အပြင် ကစားသမားစုဖွဲ့မှုအသာရနေတဲ့ စပါးအသင်းကို ရွေးချယ်ရမှာပါ။

**ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖောရက်ဂရင်း | ၀ | - | ၃ | ဘရိုက်တန် |
| ဘရိုက်တန် | ၁ | - | ၀ | လိဒ် |
| ဖူလ်လမ် | ၂ | - | ၁ | ဘရိုက်တန် |
| ဘရိုက်တန် | ၅ | - | ၂ | လက်စတာ |
| လီဗာပူး | ၃ | - | ၃ | ဘရိုက်တန် |

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | ၂ | - | ၀ | မာဆေး |
| စပို့တင်းလစ္စဘွန်း | ၂ | - | ၀ | စပါး |
| စပါး | ၆ | - | ၂ | လက်စတာ |
| အာဆင်နယ် | ၃ | - | ၁ | စပါး |
| ဖရန့်ဖတ် | ၀ | - | ၀ | စပါး |

## အင်တာမီလန်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆက်ဆူအိုလိုနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ စီးရီးအေပြိုင်ပွဲမှာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိခဲ့လို့ အမှတ်ပေးဇယား အဆင့်(၇)အောက်ကို ရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ ဆလာနီတာနာအသင်းကို ငါးဂိုးပြတ်နိုင်ပွဲရရှိခဲ့ပေမဲ့ အူဒီးနီးစ်၊ အေစီမီလန်တို့နဲ့တွေ့ဆုံခဲ့တဲ့ အိမ်ကွင်းပွဲစဉ်တွေမှာတော့ ဂိုးရဖို့ရုန်းကန်နေရတာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ ကစားပုံဟာ အပေးအယူအချိတ်အဆက်တွေနဲ့ ပြိုင်ဘက်ဂိုးဧရိယာထဲရောက်မှ ဂိုးရဖို့ကြိုးစားလေ့ရှိတာကြောင့် အင်တာမီလန်လို ကွင်းလယ်ပိုင်း မာကျောပြီး တန်ပြန်တိုက်စစ်အားကောင်းတဲ့အသင်းနဲ့ဆို ထင်သလောက်အလုပ်မဖြစ်နိုင်ပါဘူး။ လက်ရှိသူတို့အသင်းအနေနဲ့ အခုပြိုင်ပွဲမှာ ဂိုးမပေးရတဲ့ပွဲစဉ်ငါးပွဲထိရှိပေမဲ့ အင်တာမီလန်လို အဝေးကန်ချက်ကောင်းတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မလွယ်ပါဘူး။

အင်တာမီလန်အသင်းဟာ ချန်ပီယံလိဂ်ပွဲစဉ်မှာ ဘာစီလိုနာအသင်းကို တန်ပြန်တိုက်စစ်တွေကနေ ထိရောက်တဲ့ခြိမ်းခြောက်မှုတွေပြုလုပ်နိုင်ခဲ့တာကြောင့် နိုင်ပွဲရှာတွေ့ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိနည်းပြအင်ဇာဂီအနေနဲ့လဲ အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ပိုင်းဆိုးရွားနေတာကြောင့် အခုပွဲစဉ်ကိုနိုင်ပွဲရဖို့အတွက် ဘာစီလိုနာနဲ့ကစားတဲ့ပွဲစဉ်က အခင်းအကျင်းမျိုးနဲ့ ပွဲထွက်လာနိုင်ပါတယ်။ သူတို့အသင်းအနေနဲ့ တိုက်စစ်မှူးလူကာကူ မပါဝင်နိုင်ပေမဲ့ တိုက်စစ်မှူး မာတီနက်ဇ်နဲ့ ဒီဇစ်ကို၊ ကော်ရီယာတို့ရှိနေသေးတာကြောင့် တိုက်စစ်ပိုင်းကစားအားကို ဆက်လက်ထိန်းသိမ်းနိုင်တာကို သတိပြုရမှာပါ။ လက်ရှိမှာတော့ သူတို့အသင်းဟာ ရှစ်ပွဲကစားအပြီး လေးပွဲနိုင်၊ လေးပွဲရှုံးရလဒ်နဲ့ အဆင့်(၉)မှာရှိနေလို့ အခုပွဲစဉ်ကို အနိုင်ကစားမှသာ ဖိအားအောက်က လွတ်မြောက်မှာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ နှစ်သင်းပေါင်းဂိုးနည်းနိုင်ပေမဲ့ နိုင်ပွဲရှာဖွေဖို့လိုအပ်နေတဲ့ အင်တာမီလန်အသင်းကိုပဲ အားပေးရမှာပါ။

**ဆက်ဆူအိုလိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆက်ဆူအိုလို | ၀ | - | ၀ | အေစီမီလန် |
| ခရီမိုနန်စီ | ၀ | - | ၀ | ဆက်ဆူအိုလို |
| ဆက်ဆူအိုလို | ၁ | - | ၃ | အူဒီးနီးစ် |
| တိုရီနို | ၀ | - | ၁ | ဆက်ဆူအိုလို |
| ဆက်ဆူအိုလို | ၅ | - | ၀ | ဆလာနီတာနာ |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၁ | - | ၀ | တိုရီနို |
| ပလာဇန် | ၀ | - | ၂ | အင်တာမီလန် |
| အူဒီးနီးစ် | ၃ | - | ၁ | အင်တာမီလန် |
| အင်တာမီလန် | ၁ | - | ၂ | ရိုးမား |
| အင်တာမီလန် | ၁ | - | ၀ | ဘာစီလိုနာ |

## အေတီကိုအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ အေတီကိုနဲ့ ဂျီရိုနာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြဆီမြွန်နီရဲ့ အေတီကိုအသင်းဟာ အဝေးကွင်းရလဒ်ပိုင်းကျဆင်းနေပေမဲ့ အိမ်ကွင်းကစားပုံထက်မြက်တဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ အဝေးကွင်းမှာ ဘရူဂျက်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ပြိုင်ပွဲစုံငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာတော့ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရခဲ့ပြီး ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းအနေနဲ့ လာလီဂါ ခုနစ်ပွဲအပြီးမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ရမှတ် ၁၃ မှတ်နဲ့ အဆင့်(၅) ရောက်ရှိနေပြီး အဆင့်(၁) က ဘာစီလိုနာနဲ့ ခြောက်မှတ် ကွာဟနေတာဖြစ်ပါတယ်။ ဒါကြောင့် အခု အိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရှာဖွေနိုင်မှသာ ချန်ပီယံဆုကို စိန်ခေါ်ဖို့မျှော်လင့်ချက်ရှိမှာဖြစ်လို့ တိုက်စစ်မြှင့်တင်လာမှာ သေချာပါတယ်။ နည်းပြဆီမြွန်နီရဲ့ ကစားကွက်အောက်မှာတော့ တိုက်စစ်မှူး မိုရာတာက ခြေစွမ်းပြသနေပြီး သွင်းဂိုးလေးဂိုးနဲ့ ဂိုးသွင်းအများဆုံးသွင်းယူထားတာကို တွေ့ရမှာပါ။

ဂျီရိုနာအသင်းဟာ အခုနှစ်မှ တန်းတက်လာတဲ့အသင်းဖြစ်သလို ရလဒ်ပိုင်းကောင်းမွန်ဖို့ ရုန်းကန်နေရတဲ့အသင်းလဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ခုနစ်ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်ကြောင့် အဆင့်(၁၃)မှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးငါးပွဲမှာလဲ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းအနေနဲ့ တိုက်စစ်ပိုင်းကောင်းတဲ့အသင်းတွေနဲ့ဆို ခံစစ်ပိုင်းက အနည်းဆုံးပေးဂိုး နှစ်ဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ ရမှတ်လိုအပ်ချက်ရှိနေတဲ့ အေတီကိုအသင်းနဲ့တွေ့ဆုံနေတာကြောင့် ဖိအားပေးခံရမှာသေချာသလို ဂိုးပြတ်မရှုံးနိမ့်ဖို့သာ ဦးတည်ကစားသွားရမှာပါ။ အခုပွဲစဉ်မှာ သူတို့အသင်းရဲ့ကစားသမားလေးယောက်ထိ မပါနိုင်တာကြောင့် ကစားအားကျဆင်းသွားနိုင်တာဖြစ်လို့ အေတီကိုအသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲပြန်လည်ရှာဖွေရမဲ့ အေတီကိုအသင်းနဲ့သာ လက်တွဲသွားရမှာပါ။

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၄ | - | ၁ | ဆယ်တာဗီဂို |
| လေဗာကူဆင် | ၂ | - | ၀ | အေတီကို |
| အေတီကို | ၁ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ဆီဗီလာ | ၀ | - | ၂ | အေတီကို |
| ဘရူဂျက် | ၂ | - | ၀ | အေတီကို |

**ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၀ | - | ၁ | ဆယ်တာဗီဂို |
| မာယော့ကာ | ၁ | - | ၁ | ဂျီရိုနာ |
| ဂျီရိုနာ | ၂ | - | ၁ | ဗီလာဒိုးလစ် |
| ဆဲလ်တစ် | ၂ | - | ၁ | ဂျီရိုနာ |
| ဂျီရိုနာ | ၃ | - | ၅ | ဆိုစီဒက် |

**ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဂ္ဂမဟာပဏ္ဍိတ)၊ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (အဘိဓဇမဟာရဋ္ဌဂုရု) ဦးဆောင်သော နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသရှိ ကျောင်းပေါင်း (၁၇၆၄)ကျောင်းအား လှူဒါန်းနေသော ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်၏ (၁၅)ကြိမ်မြောက် ၁၃၈၄ ခုနှစ်၊ ၂၀၂၂ ခုနှစ် ကထိန်တော် အလှူခံနိုးဆော်လွှာ**

ဗုဒ္ဓဘာသာ သာသနာ ရောင်ဝါနေသို့လင်းစေရန်နှင့် အရှည်ခံ့တည်တံ့စေရန်အတွက် အစဉ်အလာကြီးမားသော မဟာဘုံကထိန်တော်ခင်းကျင်း အလှူခံမည်ဖြစ်ပါသည်။

ယခုနှစ်တွင် ကျောင်းတစ်ကျောင်းတွင် **ပဒေသာပင်တစ်စုလျှင် ငွေကျပ် ၈၀၀၀၀/-(ရှစ်သောင်းကျပ်)** (သင်္ကန်း၊ စောင်၊ ကော်ဇော၊ သိုးမွေးဆွယ်တာ၊ ဆပ်ပြာ၊ ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းပါမည်)

**လှူဒါန်းရန်ဌာန** – **ဆရာတော်ကြီးဘဒ္ဒန္တတိက္ခ(အဂ္ဂမဟာပဏ္ဍိတ)(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)(အဘိဓဇမဟာရဋ္ဌဂုရု)**

– **ဦးလှဝင်း(ဥက္ကဋ္ဌ) ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် တောင်စလင်းတိုက်သစ်၊ ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း– ၀၉–၄၄၂၀၇၄၄၆၆၊ ၀၉–၆၆၀၈၅၀၃၉၉၊ ၀၉–၉၇၅၇၆၄၃၂၃**

– **ဝါဆိုသင်္ကန်း (၁)စုံ– ၂၀၀၀၀/–ကျပ်၊ ဝါဆိုသွမ်းဆန်(၁)အိတ်–၃၅၀၀၀/–ကျပ်၊ စောင်(၁)ထည်– ၄၅၀၀/–ကျပ်**


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။


၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# နတ်မောက်မြို့နယ်တွင် ဆီထွက်သီးနှံနေကြာကေ ၁၄၇၀၀ထိ တိုးချဲ့စိုက်ပျိုးသွားမည်



**နတ်မောက် အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံရေးအတွက် ယခုနှစ်ဆောင်းရာသီ၌ ဆီထွက်သီးနှံနေကြာကေ ၁၄၇၀၀ ထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခင်နှစ် ဆောင်းရာသီတွင် နတ်မောက်မြို့နယ်အတွင်း ဆီထွက်သီးနှံနေကြာကေ ၃၈၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နိုင်ငံတော်၏ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးစီမံကိန်းအရ ကေ ၁၄၇၀၀ ထိ တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါဆီထွက်သီးနှံနေကြာစိုက်ပျိုးခြင်းကို ယခုအောက်တိုဘာလဆန်းမှ ဒီဇင်ဘာလကုန်ထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နတ်မောက်မြို့နယ်မှာ ဆောင်းဆီထွက်သီးနှံတွေဖြစ်တဲ့ နှမ်း၊ နေကြာနဲ့မြေပဲစုစုပေါင်း စိုက်ကေ ၁၆၀၀၀ လောက်ထိ စိုက်ပျိုးသွားပါမယ်။ အများဆုံးစိုက်ပျိုးမှာက ဆီထွက်သီးနှံနေကြာပါ။ အရင်နှစ်က နတ်မောက်မြို့နယ်မှာ ဆီထွက်သီးနှံနေကြာ ကေ ၃၈၀၀ ပဲ စိုက်ပျိုးနိုင်ခဲ့ပြီး ဒီနှစ်ဆောင်းရာသီမှာတော့ ကေပေါင်း ၁၄၇၀၀ ထိ တိုးချဲ့စိုက်ပျိုးသွားပါမယ်။ အဲဒီဆီထွက်သီးနှံနေကြာတွေကို မြေလပ်မကျန် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒ့ါပြင် သီးထပ်၊ သီးညှပ်အနေနဲ့လဲ စိုက်ပျိုးသွားပါမယ်"ဟု နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ချိုက ပြောပြသည်။

အဆိုပါ ဆောင်းနေကြာတိုးချဲ့စိုက်ပျိုးမှုတွင် ဆင်းရွှေကြာ(၂)နှင့် ရေဆင်းမျိုးနေကြာ(၁)တို့ကို အဓိကထားစိုက်ပျိုးသွားမည်ဖြစ်ပြီး လျာထားချက်ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းပြီး နေကြာမျိုးစေ့ထုတ်ဧရိယာများနှင့် စံပြကွက်များကို ကြိုတင်စိုက်ပျိုးထားရှိကြောင်း၊ ထိုမျိုးစေ့ထုတ် ဧရိယာများနှင့် စံပြကွက်များအတွက် နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာမျိုးသန့်မျိုးစေ့များ၊ ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများ ပံ့ပိုးပေးထားပြီး ထွက်ရှိလာသော နေကြာမျိုးစေ့များကို ယခုနှစ်ဆောင်းနေကြာ စိုက်ပျိုးမည့် တောင်သူများကို ပြန်လည်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်း ဆောင်းနေကြာများ အရည်အသွေးမြင့်မားပြီး အထွက်နှုန်း ကောင်းမွန်စေရေးအတွက် စိုက်ပျိုးမည့် ဒေသခံတောင်သူများကို စိုက်ပျိုးနည်းပညာပေးခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မိုးယံ(ဥက္ကလာ)**

# တောင်ငူမြို့နယ် သပြေလှကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**တောင်ငူ အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် သပြေလှကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၂ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ သပြေလှကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးက ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးစားပေးကြသကဲ့သို့ အဆိုပါလမ်းမပျက်မစီးအောင်၊ ရေရှည်ကောင်းမွန်အောင်လည်း ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

သပြေလှကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာနေပြည်သူများက လုပ်အားထည့်ဝင်မှု၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**








## အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် အောက်ဖော်ပြပါ အနှစ်(၃၀)ဂရန် မြေနှင့်အဆောက်အဦးများကို အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | အမျိုးအမည် | အကျယ်အဝန်း | တည်နေရာ |
|---|---|---|---|
| ၁ | **Lot A** | | |
| | မြေကွက်ဈ-၂၆(ည)မြေငှားစာချုပ် | (၀. ၃၂၂)ဧက | တောင်မြင့်၊မြေတိုင်းရပ်ကွက်(၅၉၀) ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| | မြေကွက်ဈ-၂၆(ဈ)မြေငှားစာချုပ် | (၀. ၃၁၃)ဧက | ॥ |
| | မြေကွက်ဈ-၂၆(ဠ)မြေငှားစာချုပ် | (၀. ၀၅၅၁)ဧက | ॥ |
| | မြေကွက်ဈ-၂၆(ဓ)မြေငှားစာချုပ် | (၀. ၀၅၅၁)ဧက | ॥ |
| | မြေကွက်ဈ-၂၆(ဆ)မြေငှားစာချုပ် | (၀. ၀၅၅၁)ဧက | ॥ |
| | **RC(၃)ထပ်တိုက်(၄)လုံး** | | |
| | (A3)ဈ-၂၆(စ)မြေငှားစာချုပ် | အဆောက်အဦး(၃၀'×၅၀'×၃၂') | ॥ |
| | (A4)ဈ-၂၆(င)မြေငှားစာချုပ် | မြေ(၀. ၀၅၅၁)ဧက-စီ | ॥ |
| | (A5)ဈ-၂၆(ဃ)မြေငှားစာချုပ် | | ॥ |
| | (A6)ဈ-၂၆(ခ)မြေငှားစာချုပ် | | ॥ |
| ၂ | **Lot B** | | |
| | ဈ-၂၆(လ)၊ မြေငှားစာချုပ် | (၀. ၂၁၇၀)ဧက | တောင်မြင့်၊ မြေတိုင်းရပ်ကွက်(၅၉၀) ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ |
| | ဈ-၂၆(ယ)၊ မြေငှားစာချုပ် | (၀. ၂၉၁၀)ဧက | |
| | ဈ-၂၆(အ)၊ မြေငှားစာချုပ် | (၀. ၀၅၆၉)ဧက | ॥ |
| | **RC(၃)ထပ်တိုက်(၃)လုံး** | | |
| | (D1)ဈ-၂၆(မ)မြေငှားစာချုပ် | အဆောက်အဦး(၃၀'×၅၀'×၃၂') | ॥ |
| | (D2)ဈ-၂၆(ဘ)မြေငှားစာချုပ် | မြေ(၀. ၀၅၉၈)ဧက-စီ | ॥ |
| | (D3)ဈ-၂၆(ဗ)မြေငှားစာချုပ် | | ॥ |
| ၃ | **Lot C** | | |
| | **မြို့ဟောင်းဂိုထောင်(၂)လုံးပါမြေ** | မြေ(၂၄၇'×၁၈၀') | အကွက်အမှတ်(၈၇၆)မြို့ဟောင်းဈေးလမ်း |
| | လ/န-၃(ခ) | (၁. ၀၂၀၈ဧက) | မြို့ဟောင်းဈေးတောင်ဘက် |
| | | ဂိုထောင်(၂)လုံး | ချမ်းမြသာစည်၊ မန္တလေးမြို့။ |

အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် ရောင်းချမည့်ပစ္စည်းစာရင်း၊ လေလံစည်းကမ်းချက်၊ အိတ်ဖွင့်လေလံပုံစံများကို သတင်းစာကြော်ငြာပါရှိသည့်ရက်မှစ၍ ရုံးချိန်အတွင်း (ရတနာပူရအရောင်းဆိုင်"ပြတိုက်"၊ ၇၈လမ်းနှင့် ဘုရားကြီးအရှေ့မုခ်လမ်းထောင့်) တွင် ဝယ်ယူရန်ဖြစ်ပါသည်။

**(က) ဖွင့်လှစ်မည့်ရက်** (၂၁-၁၀-၂၀၂၂)
**(ခ) အချိန်** **နံနက်(၁၀း၀၀)နာရီ**
**(ဂ) အိတ်ဖွင့်လေလံတင်သွင်းရမည့်နေရာ** **ရတနာပူရအရောင်းဆိုင်"ပြတိုက်"၊ ၇၈လမ်းနှင့်ဘုရားကြီးအရှေ့မုခ်လမ်းထောင့်**
**(ဃ) အိတ်ဖွင့်လေလံဖွင့်လှစ်မည့်နေရာ** **မန္တလေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန၊ (စုပေါင်းရုံးကြီးဝင်းအတွင်း၊ ၆၈လမ်း× ၃၀လမ်းထောင့်)၊ မန္တလေးမြို့။**
**(င) ဆက်သွယ်ရန်ဖုန်း** ၀၉-၈၇၆၅၃၃၃၁၄၊ ၀၉-၂၀၀၅၆၈၄၊ ၀၉-၂၀၀၄၁၃၂

**လေလံတင်ရောင်းချရေးအဖွဲ့**
**မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၆/၂၆)၊ အကွက်အမည် ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၈/ခ)၊ ဧရိယာ (၀. ၀၃၁)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးသန့်ဇင်ဦး
(ခ) အနောက်လားသော် - ဦးသန်းဇော်မိုး
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ဦးမြင့်ဆန်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသန်းကျော်စိုး** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂-ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊စစ်ကိုင်းမြို့။**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၆/၂၆)၊ အကွက်အမည် ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၅/ဆ-၁) ဧရိယာ (၀. ၀၁၆)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးသန့်ဇင်ဦး
(ခ) အနောက်လားသော် - ဦးသန်းကျော်စိုး
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ဦးမြင့်ဆန်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသန်းကျော်စိုး** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၂-ခုနှစ်၊ နိုဝင်ဘာလ၊ (၂)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊စစ်ကိုင်းမြို့။**

## ပျောက်ဆုံးကြောင်း

အသုတ်မြို့နေ လွင်ကိုမောင် (ဘ) ဦးခင်မြင့် (၁၄/ရကန(နိုင်)၀၉၉၃၂၁) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၂၅၀၅၄၃၈၄၃**

## ပျောက်ဆုံးကြောင်း

ကျောက်ကြည်မြို့နေ ကိုကိုလတ် (ဘ) ဦးကျော်မြင့်လွင် (၁၄/ရကန(နိုင်)၁၆၆၈၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ် မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၆၈၉၇၀၈၈၈**

## ပျောက်ဆုံးကြောင်း

အိမ်မဲမြို့နေ စည်သီဟိုင်း (ဘ) ဦးစောဝင်း (၁၄/အမန(နိုင်)၁၃၂၈၂၀) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၂၆၉၇၇၇၆၉၃**

## ပျောက်ဆုံးကြောင်း

အိမ်မဲမြို့နေ စောအယ်ဆဲပွဲ (ဘ) ဦးဆာကစော(၁၄/အမန(နိုင်)၂၂၈၁၁၀) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၂၅၅၇၇၇၈၅**

## ပျောက်ဆုံးကြောင်း

အိမ်မဲမြို့နေ စောအော်ဘူး (ဘ) စောသာထက်(၁၄/အမန(နိုင်)၂၂၄၄၂၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၂၆၅၃၆၄၃၄၇**

## ပျောက်ဆုံးကြောင်း

ကြံခင်းမြို့နယ်နေ အောင်ကျော်မင်း (ဘ)ဦးအောင်ရွှေ (၁၄/ကခန(နိုင်)၀၈၅၀၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၄၅၈၇၄၁၃၂၀**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ဆောင်ရွက်ရန်လို၊ တိုင်းရင်းသားများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုသကဲ့သို့ မြန်မာစာပေ၊ မြန်မာစကားနှင့် မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လို။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတတိယနေ့၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)**

**၁၀-၈-၂၀၂၂**

## "စွေ့" ငှက်ပုံစာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

**နေပြည်တော် အောက်တိုဘာ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာ ကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့်** မြန်မာ့ဒေသရင်း**"စွေ့"**ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို **အောက်တိုဘာ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီးပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ရန်ကုန်စာတိုက်ကြီးနှင့်မန္တလေးစာတိုက်ကြီးတို့တွင် **အောက်တိုဘာ ၉ ရက်**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် မြဝတီအက်ဖ်စီအသင်းက GFA အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြဝတီအက်ဖ်စီအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှု အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၁ မိနစ်တွင် နိုင်ဇင်ထက်ကလည်းကောင်း၊ပွဲချိန် ၃၇ မိနစ်တွင် ထက်လင်းအောင်ကလည်းကောင်း၊

**စာမျက်နှာ ၂၂ ကော်လံ ၁ ☆**

**အောက်တိုဘာ ၆ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၃၅၀ တွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး**

စာမျက်နှာ - ၂၀

**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ**

စာမျက်နှာ - ၂၀

**နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ် ၁၄၇ တန်ကျော် ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၂



MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257